# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၆၄)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၉ ရက် ၊ ၂၀-၅-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်

နေပြည်တော် မေ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ **စာမျက်နှာ ၃ သို့** ❊

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၉

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

## စာပေဖတ်ရှုလေ့လာခြင်းမှ ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်

လူငယ်တို့ ဘဝတွင် စာပေလေ့လာမှုကို အလေ့အကျင့်ရှိခြင်းသည် မှန်ကန်သောဘဝလမ်းကို ရွေးချယ်တည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟု ဆိုချင်ပါသည်။ ယနေ့သည် နည်းပညာများဖွံ့ဖြိုးတိုးတက်နေသော ပညာခေတ်ဖြစ်သည်။

နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်များဖြစ်သော လူငယ်များက အသိပညာဗဟုသုတ ကျယ်ပြန့်ရေးအတွက် စာများများဖတ်ရမည်ဖြစ်သည်။ လူငယ်တို့သည် အရာရာကို သိချင်တတ်ချင်၊ စမ်းသပ်ချင်စိတ်ဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာတတ်သော လူငယ်တို့၏ဇီဝ နိုးကြားချိန်တွင် လမ်းမှန်ကိုရောက်အောင် ထိန်းကျောင်းပဲ့ပြင်ပေးနိုင်သော တန်ဆောင်ဆီမီးကား စာဖတ်ခြင်းဖြစ်သည်။

လူ့ဘဝတွင် အရွယ်သုံးပါးသတ်မှတ်ထားသည်။ ပထမအရွယ်တွင် ဘဝတစ်ခုလုံး၏ အုတ်မြစ်ဖြစ်သော လူငယ်ဘဝဖြစ်သည်။ ထို့ကြောင့်လူငယ်များအတွက် စာပေသည်စိတ်ကို ပြုပြင်ရာတွင် အလွန်အစွမ်းထက်သည်။ စာဖတ်ခြင်းဖြင့် ကိုယ်၊ နှုတ်၊ နှလုံး အမူအရာသုံးပါးစလုံးကို ယဉ်ကျေးသိမ်မွေ့နူးညံ့စေပါသည်။ လူငယ်များအတွက် တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် ယင်းတို့၏ အသိဉာဏ်ရှိမှု၊ မရှိမှုအပေါ်တွင် မူတည်နေမည်ဖြစ်သည်။ အသိဉာဏ်ပညာ ကျယ်ပြန့်ဖို့အတွက် စာဖတ်ခြင်းသည် လူငယ်များအတွက် မရှိမဖြစ်လိုအပ်ချက်ဟု ဆိုချင်ပါသည်။ ထိုသဘောတရားနှင့်ပတ်သက်၍ ဆရာပီမိုးနင်းက "စိတ်ကို အသိဉာဏ်က အုပ်စိုး၏၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏၊ ဗဟုသုတကို စာပေက အုပ်စိုး၏"ဟူ၍ မိန့်ဆိုဖူးပါသည်။

စာပေသည် အမှောင်ကိုခွင်း၍ အလင်းဆောင်ပေးသော တန်ဆောင်ဆီမီးဖြစ်သည်။ အမှားကိုမြင်လျှင် အမှန်သို့ပြုနိုင်ရန် ဆင်ခြင်ဉာဏ်ကိုပေးသောလမ်းပြကြယ်ဖြစ်သည်။ "အလိမ္မာစာမှာရှိ"ဟူသောစကားအတိုင်း လူငယ်များသည် စာဖတ်ခြင်းဖြင့် အသိအလိမ္မာကို တိုးပွားလာနိုင်မည်ဖြစ်သည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုရိုးစကားနှင့်အညီ စာပေကို လေ့လာဖတ်ရှုခြင်းဖြင့် လူငယ်များ လမ်းမှားသို့မရောက်ရှိနိုင်ပါ။ လူငယ်များအနေဖြင့် စာအုပ်၊ စာပေများဖတ်ရှုရာတွင် မြန်မာ့စာပေများ၊ ကမ္ဘာ့စာပေများ၊ သုတ၊ ရသစာပေများကို စုံလင်စွာ ဖတ်ရှုသင့်သည်။ စာဖတ်ခြင်းဖြင့် ဝါသနာစွဲလာပြီဆိုလျှင် အကောင်းနှင့်အဆိုးကို ခွဲခြားတတ်လာပါမည်။ လူငယ်တို့ အသုံးချသင့်သည့်အသိပညာ၊ အသုံးမချသင့်သည့် အသိပညာကို ခွဲခြားလာနိုင်မည်ဖြစ်သည်။ အသိပညာနက်ရှိုင်းကျယ်ပြန့်ခြင်းဟူသော ဂုဏ်အရည်အချင်းကို ရရှိလာမည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်သည်။ မိမိမိသားစုနှင့်မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်တိုင်းသည် စာဖတ်ခြင်းအလေ့အကျင့်ကောင်းကို ထာဝရလက်ကိုင်ထားရပါမည်။ စာဖတ်ခြင်းဖြင့် အောင်မြင်တိုးတက်သော အခွင့်အလမ်းများစွာတို့ကို လက်လွှတ်မခံဘဲ ယနေ့မှ စတင်ကာ "စာဖတ်ခြင်းဝါသနာကို ပြုစုပျိုးထောင်ကြပါစို့"ဟု တိုက်တွန်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၇၇လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိုးထိအောင်စည်ကွင်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(စ-၅)၊ ၄၁လမ်းနှင့် ၆၈လမ်းထောင့်၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရေဝတီကမ်းနားလမ်းတို့တွင်လည်းကောင်း၊ မေ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၃၇)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်စမ္မာရုံ၊ ချမ်းမြသာစည်မြို့နယ်၊ စံပြလမ်းနှင့် ၇၈လမ်းကြား၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ မြတ်စောညီနောင်ဓမ္မာရုံအနီးတို့တွင်လည်းကောင်း၊ မေ ၂၂ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၈လမ်းနှင့် ၅၈(A)လမ်းကြား၊ ၁၂၆လမ်း၊ (ဆ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ မေ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံ့ရပ်ကွက်၊၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ် ရွှေဥမင်ထုပ်ရပ်ကွက်၊ တရုတ်တန်းလမ်း၊ နဂါးရုံဘုရားဝင်း အတွင်းတို့တွင်လည်းကောင်း၊ မေ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၉၁ လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက် (၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**သာစည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အသိပညာပေးTalk Show တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်က သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးချိန်များတွင် လိုက်နာသင့်သည့် အချက်များ၊ သဘာဝဘေးအန္တရာယ် မကျရောက်မီ သက်ဆိုင်ရာဌာနများက ထုတ်ပြန်ပေးသည့် သတိပေးချက်များအား လိုက်နာဆောင်ရွက်ကြရန်၊ ၂၀၂၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့မှုများ၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးတို့ကို ကြည့်၍ သင်ခန်းစာယူကာ သဘာဝဘေးနှင့်ပတ်သက်ပြီး အသိသတိ ရှိကြရန်နှင့် လိုက်နာရမည့်အချက်များကို ဆွေးနွေးခဲ့သည်။




အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနှင့် ဒုတိယမီးသတ်ဦးစီးမှူးတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၇)

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မန္တလေး မေ ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်ရှိ ငလျင်ဘေးသင့် ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ယမန်နေ့ မွန်းလွဲပိုင်းက လူသုံးကုန်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်း လှူဒါန်းရာသို့ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်ရှိ ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၆၀၈ စုအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ(မန္တလေး)မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဒေါ်ဝါဝါရွှေနှင့် အဖွဲ့ဝင်များက Torch၊ Mosquito Net နှင့် ငွေကျပ် ၅၀၀၀၀ အား ငလျင်ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် စနစ်တကျ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၅၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

❑ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်

❑ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်၊ ရွေးကောက်ပွဲ ပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်

❑ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်

❑ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်လို

❊ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာ ခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့် နယ်ဘက်မျှတအောင် တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေးအရအားနည်းမှုများရှိကြောင်း၊ အဆိုပါအားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ လှုံ့ဆော်မှုမျိုးစုံကိုခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်မှုမရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်းများတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေးအတွက် တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးထားသည့် အခွင့်အရေးများ၌ ဖက်ဒရယ်အခွင့်အရေးများ ပေးထားသည်ကို တွေ့ရကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်၌ အာဏာရပါတီအတွင်း သဘောထားကွဲလွဲမှုများရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ကန့်ကွက်မှုများရှိခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက် အရေးကြီးသည့်ကာလများ၌ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအား လုံးဝပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ အလားတူ ဥပဒေနှင့်မညီသည့် ပြဋ္ဌာန်းချက်များအား အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလီယံခန့်နှင့် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလီယံခန့်၊ စုစုပေါင်း ၂၅ ဘီလီယံခန့် လိုငွေပြခဲ့ကြောင်း၊ အဆိုပါငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပဝင်ငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာခဲ့သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားပြီးချိန်၌ ကျောင်းနေရာခိုင်နှုန်းများ ကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ပညာရေးအားနည်းချက်များကို ဂရုပြုရန်လိုကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးဒေသများ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးညီလာခံအား (၂၁) ရာစုပင်လုံအဖြစ်အမည်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ သမိုင်းကြောင်းအရ အခက်အခဲများရှိလာနိုင်သဖြင့် အသိပေးမှုများဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန် တပ်မတော်က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများအရ ဗိုလ်မှူးကြီးဟောင်း တင်မောင် ရေးသားသည့် “တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်” ဆိုသည့်အတိုင်း ၎င်းအချိန်က “ဒီမိုကရေစီက နုနု၊ မုန်တိုင်းက ထန်ထန်” ဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေလျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင်ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့် အပိုင်းများကို ထည့်သွင်းရေးသားထားကြောင်း၊ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကိုအထမြောက်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာအဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များ ရှိရန်လိုကြောင်း။

## ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဖော်ဆောင်ပေးရမည်

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်မည်ဟု** ပြောလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးမရမီကတည်းကပင် အားနည်းချက်များရှိခဲ့ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း အထောက်အထားများကို လေ့လာကြည့်မည်ဆိုပါက သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများလည်း ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေးဘုရင်များခေတ်က နိုင်ငံတော်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များနှင့် ခေတ်အဆက်ဆက်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေး အားနည်းမှုများနှင့်ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးညီလာခံများလုပ်ဆောင်ရာ၌ အကြောင်းအရာဖော်ထုတ်ချက်များအပြင် ပညာရေးနှင့်ပတ်သက်၍ မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်ကို လက်တွေ့ကျကျ ဆုံးဖြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍

စာမျက်နှာ ၄ သို့

❍ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရ

❍ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိ

❍ သို့သော် သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်

❍ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

*စာမျက်နှာ ၃ မှ*

သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ် အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိကြောင်း၊ သို့သော် သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မေလ ၂၂ ရက်နေ့ဆိုပါက ကျောင်းအပ်နှံရေးရက်သတ္တပတ်စတင်ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လိုကြောင်း။

## ကျန်းမာရေးကဏ္ဍအားပေးမြှင့်တင်

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများ၌ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများ မရှိသည်ကို တွေ့မြင်ရပြီး ကျန်းမာရေးအသိအမြင်များ အားနည်းမှုများရှိနေဆဲဖြစ်ကြောင်း၊ အချို့သောဒေသများ၌ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးအရ အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်ပါက ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နှီးနွယ်သည့်သူများ၊ ပြည်သူများအားလုံး အတူတကွဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **"ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်"**၊ **"လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမျှမရှိ"**၊ **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့စတင်တာဝန်ယူခဲ့စဉ် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းအများစုလည်း ပါဝင်ခဲ့ကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားနေစဉ်ကာလနှင့် နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်နေစဉ်ကာလဖြစ်သဖြင့် ၎င်းအကျပ်အတည်းကို မိမိတို့အနေဖြင့် ရှိသည့်အင်အားများကိုစုစည်း၍ ကြိုးပမ်းဆောင်ရွက်ကာ ကျော်လွှားခဲ့ရကြောင်း၊ တပ်မတော်သား ဆရာဝန်၊ ဆေးမှူးများကိုလည်း နိုင်ငံအနှံ့သို့ စေလွှတ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ အရေးကြီးသည်မှာ ပြည်သူများ၏ ကျန်းမာရေးကိစ္စများ အဆင်ပြေစေရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ များစွာ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးရုံအဆောက်အအုံများ၊ မြေနေရာများနှင့် ပတ်သက်၍လည်း လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေး၊ ကျန်းမာရေးတို့နှင့် ပတ်သက်ပါက လိုအပ်သည်များကို ဖြည့်ဆည်းမြှင့်တင်ပေးသွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

## သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို များစွာကြုံတွေ့ခဲ့ရကြောင်း၊ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ ငလျင်ဘေးဒဏ်ကြုံတွေ့ရမှု စသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုး ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၉၇ ဘီလီယံကျော်ဖိုး ပြန်လည်ပြုပြင်ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်သူတို့၏ ကုန်ကျမှုများမပါရှိသေးဘဲ နိုင်ငံတော်မှ ကုန်ကျမှုသီးသန့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော်ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံထောက်ပံ့ပေးခဲ့ရကြောင်း၊ မတ်လ ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်များအပြင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင်လမ်း၊ တံတားအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့ကြောင်း၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခုတိုးတက်ရန်အတွက် စီးပွားရေးအရ အားကောင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်မူဝါဒကိုသာ ချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်အောင်ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင်တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း အထွက်နှုန်းအားနည်းနေဆဲဖြစ်ပြီး ပြည်ပမှ တင်သွင်းနေရဆဲပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့်လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ သီးထပ်စွမ်းအားများ ရာနှုန်းပြည့်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်ကြောင်း၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့်ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများ တက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်းတိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကို အမှန်တကယ် လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်၍ အဖြေရှာရန်လိုပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းတို့ကို ဖြေရှင်းနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

◆ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်၊ ငွေကြေးဈေးနှုန်းများ မတည်မငြိမ်ဖြစ်ရခြင်းနှင့်ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန်လိုအပ်မည်ဖြစ်၊ နိုင်ငံ၏ ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများ တက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကို အမှန်တကယ် လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန်လိုအပ်မည်

❖ လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့

❖ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်၍ မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိ

## လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရေး

လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်၍ မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများကို ရက်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရန် အခက်အခဲများစွာရှိမည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုက ယုံကြည်မှုရှိပြီး အားကိုးရသည့် အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းကြောင်းကောင်းကို ရေးထိုးနိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာ အချက်အလက်အကျဉ်းချုပ်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍဆိုင်ရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြခဲ့ပြီး ညီနှိုင်းအစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် မေ ၁၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၃) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃) မှ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသားများအား ထောက်ပံ့ပစ္စည်းများ ချီးမြှင့်ပေးအပ်စဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တက်ရောက်လာကြသည့် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-










၁။ အရင်တုန်းကတော့ စိတ်ထဲမှာ စစ်တပ်အကြောင်း သိပ်ပြီးတော့ နားမလည်ဘူး။ အခုစစ်မှုထမ်းဖို့လာတော့ ဆရာတွေက ပြောဆိုပြီးတဲ့ အခါကျတော့ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် စိတ်အားထက်သန်လာပါတယ်။ အများအမြင်နဲ့ မဆုံးဖြတ်ဘဲ ကိုယ့်ဟာကိုယ်လက်တွေ့ဆုံးဖြတ်ပြီး ဒီနေရာမှာ ကောင်းတယ်ဆိုတာကို သိရပါတယ်။ တချို့ကျတော့ စစ်တပ်ကို မကောင်းဘူးလို့ထင်ကြပေမယ့် ကိုယ်တိုင်ဝင်ကြည့်မှ သိရပါတယ်။ စဝင်တုန်းကတော့ ကြောက်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒီမှာ တော်တော်ပျော်ပါတယ်။ နေရ ထိုင်ရတာလည်း ပျော်တယ်။

၂။ ကျွန်တော်က ဒီသင်တန်းကနေပြီး သင်ပေးလိုက်တဲ့ ပညာတွေကို အသုံးချပြီးတော့ ဒီပြည်သူလူထုနဲ့ နိုင်ငံတော်ကို ကာကွယ်ပြီး ကျွန်တော်အသက်ပေးပြီး စောင့်ရှောက်သွားမှာပါ။

၃။ စစ်မှုထမ်း ကာလကို ကျွန်တော်တို့အနေနဲ့ နှစ်နှစ် သတ်မှတ်ထားတယ်လို့ သိရတယ်။ နှစ်နှစ်အချိန်မှာ ကျွန်တော်တို့သည် သင်တန်းကာလ နှစ်လခွဲ အပါအဝင် စုစုပေါင်း နှစ်နှစ်မှာ ကျွန်တော်တို့ ဘာခံယူထားလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းမှုကို သွေးထိုးနှောင့်ယှက်တဲ့ ရန်သူတွေ၊ နောက်ပြီးတော့ ဒီငြိမ်းချမ်းနေတဲ့အရာကိုပဲဝင်ပြီးတော့ ဖျက်ဆီးနေတဲ့ သူပုန်တွေ၊ အဲတာတွေကို ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းကျောင်းကနေရလာမယ့် အတွေ့အကြုံ ခွန်အားသစ်တွေနဲ့ တွန်းလှန်ပေးနိုင်မယ်။ နောက်ပြီး တကယ်လုပ်ရတဲ့ အချိန်မှာလည်း အကောင်းဆုံး လုပ်ဆောင်မယ်လို့ ကတိပေးပါတယ်။

သတင်းစဉ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ၏ သင်တန်းဆင်းပွဲများပြုလုပ်

**နေပြည်တော် မေ ၁၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့သည့် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းတို့၏ သင်တန်းဆင်းပွဲများကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ကြသည်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော သင်တန်းသား သင်တန်းသူများနှင့် အကောင်းဆုံးသင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းကို ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/ ၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း တပ်မတော်(ရေ)သမိုင်းဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လေ့လှော်ရွက်တိုက်နည်းတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကာ ရေကြောင်းလူငယ်စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။






အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း စခန်းအားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲကို နေပြည်တော်လေတပ်စခန်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသော ပြခန်း၊ ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ကို သင်တန်းစခန်း ၁၃ ခုတွင် သင်တန်းသားအင်အား ၆၉၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ (လက်နက်မဲ့)ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား ဘာသာရပ်နှင့် RC Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်းနှစ်ခုတွင် သင်တန်းသားအင်အား ၁၁၁ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်ပါ) ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အထွေထွေဗဟုသုတဘာသာရပ်၊ Airfield Procedure ဘာသာရပ်နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ ဓာတ်သွေး ဓာတ်မာန်ဘာသာရပ်နှင့် လေယာဉ်/ရဟတ်ယာဉ်များ၏ ပျံသန်းမှု အခြေခံသဘောတရားများကို သိရှိစေရန်အတွက် RC လေယာဉ်/ ရဟတ်ယာဉ် လက်တွေ့မောင်းနှင်ခြင်းဘာသာရပ်များကိုလည်း လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်

**ဥတ္တရသီရိ မေ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ သတင်းရေးသားနည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းတွင် သင်ကြားပို့ချမည့်သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဦးစီးမှူးက သတင်းရေးသားရာတွင် သတိပြုရမည့် မြန်မာအက္ခရာအသုံးအနှုန်းများ၊ ဖြစ်နေဆဲသတင်း၊ စတင်ဖော်ထုတ်သတင်းနှင့် ကြိုတင်သတင်း၊ သတင်းပြန်ကြားရေးလုပ်ငန်းအတွက် လူထုဆက်သွယ်ရေးနည်းလမ်းများ၊ သတင်းလှေကားထစ် (News Gradients) ခုနစ်မျိုး၊ ပိရမစ်ပြောင်းပြန်သတင်းရေးနည်း၊ သတင်းရေးသားသူတို့ သတိထားရမည့်အချက်များ၊ သတင်းဆောင်းပါးရေးသားရာတွင် လိုက်နာရမည့် အသုံးအနှုန်းများ၊ ကိန်းဂဏန်းများ၊ မှားယွင်းတတ်သည့် သတ်ပုံများ စသည်တို့ကို အသေးစိတ်ရှင်းလင်းသင်ကြားပေးခဲ့သည်။



အဆိုပါ သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဥတ္တရခရိုင်အတွင်းမှ အမှုထမ်း ဝန်ထမ်း ၁၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များ လှူဒါန်း

**အမရပူရ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ရင်ပုံကျေးရွာ၊ ငယ်တိုးကျေးရွာအုပ်စုရှိ သဘာဝမြေငလျင်ဘေးဒဏ်ခံစားကြရသော အိမ်ထောင်စုများသို့ မေ ၁၈ ရက်က စားသောက်ကုန်များ ပေးအပ်လှူဒါန်းခဲ့သည်။

စားသောက်ကုန်များ ပေးအပ်လှူဒါန်းမှုတွင် ရန်ကုန်မြို့ DOH EAIN အဖွဲ့နှင့် ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်း(မန္တလေး)မြို့တို့ ပူးပေါင်းကာ အိမ်ထောင်စု ၅၀ စုသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်သွန်နီများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(၀၇၀)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## ဂီတအချစ်ဇာတ်လမ်းအဖြစ် ရိုက်ကူးထားသော Winter Spring Summer or Fall

လိုက်ဖက်သည့် အနုပညာရှင်နှစ်ဦးဖြစ်ကြသော ဂျီနာအော တီကာနှင့် ပါစီဟာနီဝိုက်တို့ ပါဝင်ထားသည့် Winter Spring Summer or Fall မှာ ပြည့်စုံသူနှင့် ဆန့်ကျင်ဘက်အခြေအနေကို ဖော်ပြသည့် ဂီတအချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချမ်းသာကြွယ်ဝသည့် မိသားစုမှ ပေါက်ဖွားလာပြီး လိုလေသေးမရှိ ပြီးပြည့်စုံကာ ဟားဗတ်တက္ကသိုလ်တက်၍ ရှေ့နေဖြစ်ချင်သည့် မိန်းကလေးတစ်ဦးနှင့် ဘဝတွင် ပျော်ရွှင်စွာ အပင်များစိုက်ကာ နေထိုင်၍ ဂီတကိုသာ သဘောကျသည့် အိမ်ထောင်ကွဲမိသားစုမှ လူငယ်လေးတို့နှစ်ဦး ဘူတာရုံ၌ စတင်တွေ့ဆုံခဲ့ကြသည်။

ထိုအချိန်မှစ၍ ဆန့်ကျင်ဘက်၏ ဆွဲငင်အားနှင့် ကမ္ဘာနှစ်ခုမှ လူနှစ်ဦး၏ ဂီတအချစ်ဇာတ်လမ်းတစ်ပုဒ်ကို ဂျီနာအောတီကာနှင့် ပါစီဟာနီဝိုက်တို့က ပုံဖော်ပေးထားကြသည်။ (SKY)

## Hearts 2 Hearts အဖွဲ့ ဇွန်လတွင် အယ်လ်ဘမ်သစ် ထွက်မည်

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ Hearts 2 Hearts သည် ပွဲဦးထွက်ရှိပြီးနောက် ဇွန်လတွင် ဂီတအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နွေဦးကာလအတွင်း Bright Music & Positive Energy နှင့် ယခင်သီချင်းဟောင်းများကို ပြန်လည်သီဆိုမိတ်ဆက်ထားခြင်းဖြစ်၍ အက်စ်အမ်အင်တာတိန်းမင့်က ထုံးစံအတိုင်း ပရိုမိုးရှင်းဆင်းခွင့်မပေးခဲ့ဟု ဆိုသည်။

Hearts 2 Hearts ၏ The Chase ကိုယ်ပိုင်ပုံစံနှင့် နားထဲစွဲစေသည့် သီချင်းမျိုးဖြစ်မလား၊ ပုံစံသစ်နှင့် ချပြမလား ဆိုသည်ကို အဖွဲ့ဝင်ရှစ်ဦးပါသည့် မျိုးဆက်သစ်တို့၏ ဂီတအယ်လ်ဘမ်သစ်ကို ပရိသတ်စောင့်မျှော်နေကြသည်။ (SKY)





## နလုံးခုန်နှုန်းကို တိုးစေသည့် လှုပ်လှုပ်ရှားရှား လမ်းလျှောက်ခြင်းက အသက်ကြီးသူများ၏ ဦးနှောက်ကျန်းမာရေးကို သိသာစွာ မြှင့်တင်နိုင်

တောင်ဩစတြေးလျတက္ကသိုလ်မှ လေ့လာမှုအသစ်အရ နှလုံးခုန်နှုန်းကို တိုးစေသည့် လှုပ်လှုပ်ရှားရှားလမ်းလျှောက်ခြင်းစသည့် မည်သည့်ကိုယ်လက်လှုပ်ရှားမှုမဆို ဦးနှောက်ကျန်းမာရေးကို သိသာစွာ မြှင့်တင်နိုင်ကြောင်း တွေ့ရှိခဲ့သည်။

အမေရိကန်ရှိ အက်ဒ်ဗန့်ကျန်းမာရေးသုတေသနအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်သည့် အဆိုပါလေ့လာမှုတွင် အလယ်အလတ်မှ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ခြင်းသည် အသက်ကြီးသူများတွင် အမြန်အချက်အလက်ပြုပြင်နိုင်စွမ်း၊ ပိုမိုကောင်းမွန်သော မှတ်ဉာဏ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းစသည့် ဉာဏ်ရည်ဉာဏ်သွေးမြင့်တက်လာကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။

ထူးခြားသည်မှာ အလယ်အလတ်မှ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု လုံးဝမလုပ်သူများသည် တစ်နေ့လျှင် ငါးမိနစ်သာ လုပ်ဆောင်လိုက်ခြင်းဖြင့် အထင်ရှားဆုံး ဉာဏ်ရည်တိုးတက်မှုကို မြင်တွေ့ရသည်။

သုတေသီများသည် အသက် ၆၅ နှစ်မှ ၈၀ နှစ်အတွင်းရှိ အသက်ကြီးသူ ၅၈၅ ဦး၏ ၂၄ နာရီအတွင်း အိပ်စက်ခြင်း၊ ထိုင်နေခြင်း၊ အားနည်းသော ကိုယ်လက်လှုပ်ရှားမှုနှင့် အလယ်အလတ်မှ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုတို့ကို အချိန်မည်သို့ ခွဲဝေသုံးစွဲသည်နှင့် ထိုအလေ့အထများသည် ဉာဏ်ရည်၊ စွမ်းဆောင်ရည်နှင့် မည်သို့ဆက်စပ်နေသည်ကို လေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ SCI

## Zhang Ziyi, Jackie Chan နှင့် Wang Yibo တို့ကို ခေတ် သုံးခေတ်၏ ဘုရင်များအဖြစ် တွေ့ရ

နိုင်ငံအမြင့်ဆုံးပွဲကြီးတစ်ခု စာရင်းဝင် $20^{th}$ Huabiao Awards ဆုပေးပွဲတွင် ခေတ်သုံးခေတ်၏ ဘုရင်သုံးပါးဖြစ်သည့် ကျန်းဇီယီ၊ ဂျက်ကီချန်းနှင့် ဝမ်ရီဘိုတို့ကို အတူမြင်တွေ့ကြရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တရုတ်ရုပ်ရှင် ရွှေခေတ်၏ ဘုရင်နှင့် ဘုရင်မဟု သတ်မှတ်ခံရသည့် မင်းသမီး ကျန်းဇီယီ၊ ဂျက်ကီချန်းတို့နှင့်အတူ အကောင်းဆုံးမင်းသားဆု ဆန်ခါတင်ဝင်ထားသည့် လူငယ်မျိုးဆက်သစ် ဝမ်ရီဘိုကို စင်ပေါ်တွင် အတူမြင်တွေ့ကြရသည်။

တရုတ်ရုပ်ရှင်တည်ထောင်ခြင်း နှစ်ပေါင်း(၁၂၀)ပြည့်မြောက်ခြင်းအတွက် မျိုးဆက် သုံးဆက်၏ ရုပ်ရှင်ကိုယ်စားလှယ်များအဖြစ် ဂုဏ်ပြုစကားပြောကြားခွင့်ကို ခေတ် သုံးခေတ်၏ ရုပ်ရှင်ဘုရင် သုံးပါးပြောကြားခွင့် ရရှိခဲ့ကြသည်။ (SKY)

0-0-0-0-0

## အနုပညာလောကမှ TVXQ အဖွဲ့ဝင်ဟောင်း ပျောက်ကွယ်သွား

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ တီဗွီအိတ်စ်ကျူအဖွဲ့မှ အဖွဲ့ဝင်ဟောင်းတစ်ဦးက အောင်မြင်နေချိန်တွင် ကုမ္ပဏီနှင့် ပြဿနာဖြစ်ပြီး ဖျော်ဖြေရေးလောကမှ ပျောက်ကွယ်သွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကုမ္ပဏီက အဖွဲ့အတွင်းရရှိသည့် အနုပညာကြေးများကို မျှမျှတတ ခွဲဝေပေးခြင်းမရှိ၍ အဖွဲ့ဝင်များကြား ပြဿနာဖြစ်ခဲ့ကာ အဖွဲ့ဖျက်သိမ်းခဲ့ပြီးနောက် နောက်ဆုံးကျန်သည့် အဖွဲ့ဝင်နှစ်ဦးမှာလည်း ကိုယ်စီအနုပညာလုပ်နေကြသည်။

အဖွဲ့ဝင်ဟောင်းတစ်ဦးပါဝင်ထားသည့် ဇာတ်လမ်းတွဲတွင် တောင်ကိုရီးယားအမျိုးသားလုံခြုံရေးအဖွဲ့ဝင်ဖြစ်နေသည့် သားနှင့် မိခင်က မြောက်ကိုရီးယားစပိုင်ဟောင်းအကြောင်းဖြစ်ကာ ပရိသတ်အားပေးမှု ရရှိထားသည်။

ကေပေါ့ပ်လောကတွင် တီဗွီအိတ်စ်ကျူ၏ အောင်မြင်မှုကို ပရိသတ်များ လက်ခံထားကြသော်လည်း အဖွဲ့ဝင်များမှာ အနုပညာလောကမှ ပျောက်ကွယ်သွားခဲ့ကြသည့်အတွက် နှမြောတသဖြစ်ခဲ့ကြသည်။ (SKY)



## Rose နှင့် Bruno Mars တို့၏ APT သီချင်းပေါက်ခဲ့ရခြင်းအကြောင်းရှိ

ဘလက်ပင့်ခ်အဖွဲ့ဝင် ရိုစ်နှင့် ဘရူနိုမတ်စ်တို့၏ အေပီတီသီချင်း ပေါက်ခဲ့ရခြင်းအကြောင်းမှာ သူတို့နှစ်ဦးနှင့် မဆိုင်ဘဲ လူအများ နားဝင်ချိုစေသည့် သံစဉ်နှင့် လူသိများစေသောစကားလုံးကို ပေါ့ပါးစွာ ရေးစပ်ထားသော အကြောင်းအရင်းကြောင့်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအကြောင်းအရင်းက လူအများကြား လိုက်ခံစား၍ကောင်းသည့် သီချင်းမျိုးဖြစ်ကာ လူအများစိတ်ထဲ သိရှိနေခြင်းဖြစ်သောကြောင့်ဟု မှတ်ချက်ပေးထားကြကာ ထိုကဲ့သို့သော ပေါက်ခဲ့သည့် သီချင်းများတွင် တိုနီအင်န်အိုင်၏ Dance Money ၊ ဂျက်စတင်ဘီဘာ၏ Baby၊ ပီအက်စ်ဝိုင်၏ Gangnam Style ၊ တေလာဆွစ်၏ Love Story ၊ ဂါရီ၏ ABC DEFU တို့ ဖြစ်ကြသည်။

နိုင်ငံခြားအဆိုတော်နှင့် တွဲဆို၍ ပေါက်ခြင်းမဟုတ်ဘဲ မည်သူဆိုဆို အေပီတီမှာ ပေါက်သီချင်းဖြစ်သည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။ (SKY)

## လူပျိုကြီး ပွန်နာဝပ် အသက်ထက် ပို၍ နုပျို

ထိုင်းအနုပညာလောကတွင် စွယ်စုံရမင်းသားဖြစ်သော ပွန်နာဝပ်သည် အသက် ၄၇ နှစ်ပြည့်ပြီဖြစ်ပြီး အသက်ထက်ပို၍ နုပျိုနေသော လူပျိုကြီးဖြစ်ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပွန်နာဝပ် အသက်ထက် ပို၍ နုပျိုနေရခြင်းအကြောင်းအရင်းမှာ အားကစားလိုက်စား၍ဖြစ်ပြီး အနုပညာလောကတွင် သူပါဝင်ထားသော ဇာတ်ကားတိုင်း ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့သူ ဖြစ်သည်။

ပွန်နာဝပ်ကို အစီအစဉ်မှူးအဖြစ် မြင်တွေ့ကြရကာ ဇာတ်ကားရိုက်ကူးမှုများ နားထားပြီး သူပါဝင်ထားသည့် ဇာတ်ကားများတွင် အချစ်ကို တစ်ယောက်ပြီးတစ်ယောက် ရှာဖွေခဲ့သော်လည်း မိသားစုအတွက်သာ ဦးစားပေးသော လူပျိုကြီးဖြစ်သည်။

၁၅၀၀ အချစ်ထက် ၅၂၈ အချစ်ကိုသာ တန်ဖိုးထားသော ပွန်နာဝပ်ကို ပရိသတ်အားကျနေကြသည်။ (SKY)



# ဝါဆောမြို့တော်ဝန် လစ်ဘရယ်ဝါဒီ ရာဖာလ်ထရဇတ်ကောစကီး က ရီးလ်နော်ရော့စကီးနှင့် ထပ်မံယှဉ်ပြိုင်အရွေးခံရမည်



**ဝါဆော မတ် ၁၉**

ပိုလန်သမ္မတရွေးကောက် ပွဲတွင် ဝါဆောမြို့တော်ဝန် လစ်ဘရယ်ဝါဒီ ရာဖာလ်ထရဇတ်ကောစကီး အနိုင်ရရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သို့သော် ၎င်းအနေဖြင့် ရှေးရိုးစွဲသမိုင်းပညာရှင်က ရီးလ်နော်ရော့စကီးနှင့် ဒုတိယအကြိမ် ထပ်မံယှဉ်ပြိုင်အရွေးခံရမည်ဟု ဆိုသည်။

ယမန်နေ့ညနေက ထုတ်ပြန်သော ဒုတိယမဲရလဒ်စစ်တမ်းအရ ထရဇတ်ကောစကီးသည် အလယ်အလတ်နိုင်ငံရေးပါတီ၏ ဒုတိယခေါင်းဆောင်ဖြစ်ပြီး ထောက်ခံမဲ ၃၁ ဒသမ ၁ ရာခိုင်နှုန်းရရှိခဲ့ပြီး နော်ရော့စကီးက ၂၉ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

ကိုယ်စားလှယ် ၁၃ ဦး အနက် မည်သူမျှ မဲ၏ ၅၀ ရာခိုင်နှုန်းထက် ပိုမရရှိခဲ့သောကြောင့် ၎င်းတို့နှစ်ဦး ဇွန် ၁ ရက်နေ့တွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ရဦးမည့်သဘောဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ဥရောပသမဂ္ဂထောက်ခံသူ ဘူခါရက်စ် မြို့တော်ဝန် နီကူဆာဒန် ရိုမေးနီးယားနိုင်ငံသမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိ




**ဘူခါရက်စ် မေ ၁၉**

လစ်ဘရယ်နှင့် ဥရောပသမဂ္ဂ ထောက်ခံသူ ဘူခါရက်စ်မြို့တော်ဝန် နီကူဆာဒန်သည် လက်ယာယိမ်းအမျိုးသားရေးဝါဒီ ရိုမေးနီးယားလူမျိုးတစ်ဦး၏ ပြင်းထန်သော စိန်ခေါ်မှုကို ကျော်လွှားကာ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

လက်ယာအစွန်းရောက် အေယူအာပါတီခေါင်းဆောင် ဂျော့ချ်ဆီမီယွန်သည် ယခင်လက ပထမအဆင့်အနိုင်ရခဲ့သော်လည်း ပြည်ပဝင်ရောက်စွက်ဖက်မှုများကြောင့် မကြာသေးမီက သမ္မတရွေးကောက်ပွဲ ရလဒ်ပျက်ပြယ်သွားခဲ့ရသည်။

ယခုရွေးကောက်ပွဲတွင်မူ နူးညံ့စွာပြောဆိုတတ်သော နီကူဆာဒန်က ရိုမေးနီးယားနိုင်ငံတွင်း မဲ ၅၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

"သင်ဘယ်သူ့ကို မဲပေးခဲ့သည်ဖြစ်စေ ကျွန်ုပ်တို့အတူတကွ ရိုမေးနီးယားကို တည်ဆောက်ရန် လိုအပ်ပါသည်"ဟု ဒန်က ၎င်း၏ အနိုင်ရရှိမှု သေချာပြီးနောက် ထုတ်ဖော်ပြောကြားခဲ့သည်။

သင်္ချာပညာရှင်ဒန်သည် ယမန်နေ့ ညသန်းခေါင်ကျော်သည်အထိ ၎င်းဘက်တွင် ဂဏန်းများရှိနေကြောင်း အတိအကျ သိရှိပြီး ဘူခါရက်မြို့တော်ခန်းမ၏ မျက်နှာချင်းဆိုင်ရှိ ပန်းခြံတစ်ခုတွင် ထောက်ခံသူများနှင့် ပူးပေါင်းနိုင်ခဲ့ကြောင်း သိရသည်။

**Mon**

# တရုတ်နိုင်ငံ၏ လူသားပုံစံ စက်ရုပ်များကြောင့် လူအများအလုပ်လက်မဲ့ ဖြစ်စေမည်မဟုတ်

**ပေကျင်း မေ ၁၉**

တရုတ်နိုင်ငံ၏ လူသားပုံစံ စက်ရုပ်များသည် လူသားအလုပ်သမားများကို အစားထိုးခြင်းနှင့် လူအများအလုပ်လက်မဲ့ခြင်းကို ဖြစ်စေမည်မဟုတ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့တော်၌ မေ ၁၆ ရက်က ပြည်ပမီဒီယာများနှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် လူသားပုံစံ စက်ရုပ်များသည် လူသားများနေရာတွင် အစားထိုးမည်မဟုတ်ဘဲ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးရန်နှင့် အန္တရာယ်ရှိသော ပတ်ဝန်းကျင်များတွင်သာ လုပ်ကိုင်စေမည်ဟု စီးပွားရေးနည်းပညာဖွံ့ဖြိုးရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူး လျှန်လျှန်းက ရှင်းလင်းပြောကြားခဲ့သည်။

"စက်ရုပ်များက လူများကို အလုပ်လက်မဲ့ ဖြစ်စေမည်ဟု ကျွန်ုပ်တို့ မယုံကြည်ပါ။ ၎င်းတို့သည် လူသားများ မသွားနိုင်သော ကျယ်ပြန့်သည့် အာကာသသို့မဟုတ် နက်ရှိုင်းသောသမုဒ္ဒရာများကို စူးစမ်းခြင်းကဲ့သို့သော လူများ မလုပ်လိုသည့် အလုပ်များကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ စက်ရုပ်များက ထိုစူးစမ်းမှုတွင် ကျွန်ုပ်တို့ကို ကူညီနိုင်ပါလိမ့်မည်" ဟု ၎င်းက ဆက်လက်ရှင်းပြကြောင်း သိရသည်။

**Mon**



# အသက် ၈၂ နှစ်အရွယ် အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင် ဆီးကျိတ်ကင်ဆာရောဂါစွဲကပ်နေပြီး အရိုးများထဲအထိ ပျံ့နှံ့နေ

**ဝါရှင်တန် မေ ၁၉**

အသက် ၈၂ နှစ်အရွယ် အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် ဆီးကျိတ်ကင်ဆာရောဂါစွဲကပ်နေပြီး အရိုးများထဲအထိ ပျံ့နှံ့လျက်ရှိသည်ဟု ၎င်း၏ရုံးက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်ဇန်နဝါရီလတွင် သမ္မတရာထူးမှ အနားယူခဲ့သော ဘိုင်ဒင်ကို ဆီးလမ်းကြောင်းဆိုင်ရာ လက္ခဏာများ ခံစားရပြီးနောက် ယခင်အပတ်က ဆရာဝန်ပြခဲ့ရာမှ ထိုရောဂါရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

၎င်းခံစားနေရသည့် ကင်ဆာရောဂါသည် ပိုမိုပြင်းထန်သည့် အမျိုးအစားဖြစ်ပြီး ကင်ဆာဆဲလ်များ အလျင်အမြန် ပျံ့နှံ့သော အဆင့်အထိရောက်နေပြီဟု ဆိုသည်။

ဘိုင်ဒင်နှင့် မိသားစုသည် ကုသမှုနည်းလမ်းများကို ပြန်လည်သုံးသပ်နေပြီး အဆိုပါကင်ဆာသည် ဟော်မုန်းနှင့်အလွန်ဆက်စပ်မှုရှိသောကြောင့် ထိန်းချုပ်ကုသနိုင်ဖွယ်ရှိသည်။

ထရမ့်သည် ဆိုရှယ်လူမှုမီဒီယာပလက်ဖောင်းတွင် ဂျိုးဘိုင်ဒင်၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ သမ္မတဒေါ်နယ်လ်ထရမ့်က မိမိနှင့်ဇနီး မယ်လနီယာထရမ့်တို့ "ဝမ်းနည်းပူဆွေးမိကြောင်း" ရေးသားခဲ့သည်။

"ဂျိုးဘိုင်ဒင် အမြန်ဆုံးကျန်းမာပြီး အောင်မြင်စွာ ကျော်လွှားနိုင်ပါစေ" ဟုလည်း ၎င်းက ဆုတောင်းပေးထားကြောင်း သိရသည်။

**Mon**



# အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် မီးလောင်မှုဖြစ်ပွား ကလေးသူငယ်များအပါအဝင် လူ ၁၇ ဦး သေဆုံးခဲ့

**ဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် မေ ၁၈ ရက်က အဆောက်အအုံတစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ လူ ၁၇ ဦးသေဆုံးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဟိုက်ဒရာဘတ်မြို့တည်ရှိရာ တီလန်ဂါနာပြည်နယ်တောင်ပိုင်းမှ မီးဘေးတုံ့ပြန်ရေးနှင့် အရပ်ဘက်ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်အရ ထိုမြို့တွင်း မီးလောင်မှုကို ဒေသစံတော်ချိန် နံနက် ၆ နာရီကျော်တွင် သတင်းပို့ခဲ့သည်ဟု ဆိုသည်။

"မီးသည် အောက်ထပ်တွင် စတင်လောင်ကျွမ်းပြီး အပေါ်ထပ်များသို့ ပျံ့နှံ့သွားခဲ့သည်။ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့သည်"ဟု ယင်းဌာနက သတင်းထုတ်ပြန်သည်။

ယင်းထုတ်ပြန်ချက်တွင် သေဆုံးသူ ၁၇ ဦး၏ အမည်များကိုလည်း ဖော်ပြထားရာ ငါးနှစ်အောက် ကလေးခြောက်ဦးလည်း ပါဝင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

ပေါ်တူဂီနိုင်ငံမြို့ရှိ မဲရုံတစ်ခုတွင် ယမန်နေ့က အက်စပင်ဟိုဝန်ကြီးချုပ် လွစ်မွန်တီနီဂရိုး လာရောက် ဆန္ဒမဲပေးနေသည်ကို တွေ့ရစဉ်။ **Mon**



# တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းတောင်းနှင့် ကွမ်းရှီပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်း လူငါးဦးသေဆုံး အချို့ပျောက်ဆုံးနေ

**ပေကျင်း မေ ၁၉**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းတောင်းနှင့် ကွမ်းရှီပြည်နယ်နှစ်ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လွန်ခဲ့သောရက်သတ္တပတ်နှောင်းပိုင်းက လူငါးဦးသေဆုံးပြီး လူအချို့ပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

သက်ဆိုင်ရာဒေသအာဏာပိုင်များက နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှု၊ တောင်ကျရေကြီးမှုနှင့် အခြားသဘာဝဘေးအန္တရာယ်များအတွက် သတိပေးချက်များ ကြိုတင်ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံ၏ အမျိုးသားမိုးလေဝသစင်တာက မေ ၁၈ ရက်မှ မေ ၁၉ ရက်နောက်ပိုင်းအထိ ကျိုင်းရှီ၊ ကျေကျိုင်း၊ ဖူးကျန့်၊ ကွမ်းရှီ၊ ကွမ်းတောင်းနှင့် အနောက်မြောက်ပိုင်း ရှင်ကျိုင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမည့် အခြေအနေအတွက် သတိပေးချက်များ အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**သရက် မေ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။(ဝဲပုံ)**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စိန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာအကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ဆောင်ရွက်ခဲ့သည်။

မေ ၁၆ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Myanmar National Airlines လေယာဉ်ခရီးစဉ်အမှတ် MU-2031/SF-4704 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော (Moissanite)အဖြူရောင်ကျောက်အပွင့်ဆိုဒ်စုံ ၆၄၅ ပွင့်ကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် အမှတ်(၂)လမ်းမကြီး စီးပွားရေးတက္ကသိုလ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် (Mitsubishi Canter Truck) တစ်စီးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းအင်းတကော်တာဆုံအနီး Max ဆီဆိုင်ရှေ့၌ သာမညမှ ရန်ကုန်မြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ngwe Kyair Sin Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ (၅)လမ်းရှိ ကမ်းနားဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းငါးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်အနီး၌ လိုင်စင်မဲ့ယာဉ်တစ်စီးကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)

ထို့နောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၇၆ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## သုံးလုံးထီလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ကလေး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၌ မေ ၁၆ ရက်က သုံးလုံးထီလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။ ဖြစ်စဉ်မှာ မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ကလေးမြို့၊ ညောင်ပင်သာရပ်ကွက် ဘုရားသုံးဆူလမ်းနေ ---၏ နေအိမ်၌ သုံးလုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကလေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ -----အား ၎င်း၏ နေအိမ်အောက်ထပ်၌ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသားတစ်ဦး သေဆုံး၊ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ





**မိုင်းပန် မေ ၁၉**

မေ ၁၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးပြီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၊ မိုင်းဟောင်းကျေးရွာအနီး၌ မေ ၁၅ ရက် ည၇ နာရီ ၅ မိနစ်တွင် လင်းခေး-မိုင်းပန်ကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းပန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လင်းခေးမြို့မှ မိုင်းပန်မြို့သို့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထားလဲကျေးရွာနေ ---(၃၀)နှစ် မောင်းနှင်ပြီး လင်းခေးမြို့၊ ဟိုနားကျေးရွာနေ ---(၁၆)နှစ် လိုက်ပါလာသည့် SHN-13/9B------NISSAN DIESEL ၁၂ ဘီး မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ မျက်နှာချင်းဆိုင်မှ ဟိုနားကျေးရွာနေ----(၁၈)နှစ် မောင်းနှင်ပြီး ကုန်းကျိုင်းကျေးရွာနေ ---(၂၅)နှစ် လိုက်ပါလာသည့် HONDA WAVE ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် ---တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး---တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ----နှင့် -----တို့ နှစ်ဦးအား မိုင်းပန်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန္ဒာနိုင်ငံသား ၂၆ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ယူဂန္ဒာနိုင်ငံသား ၂၆ ဦးအား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင် လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန္ဒာသံအမတ်နိုင်ငံသံရုံး Ambassador H.E Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၈၆ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၃၈ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်



ပြည်ပနိုင်ငံသား၆၄၈ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များကို လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၉




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျှော့ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၉ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

မေ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနော သုခ- Export Quality) ၅၂ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂ အိတ်၊ ဆီပိဿာ ၁၅၄၀၊ ဆား ၁၀ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ်အထုပ် ၅၀၊ ငါးပိ ၂ ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၂၃ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၉ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၂၁ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ ကြက်ဥအလုံး ၄၈၀၊ ဘဲဥအလုံး ၇၀၊ ခေါက်ဆွဲခြောက် ၁၂ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၁၉ ရက်တွင် အမဲသားပိဿာ ၂၅၀၊ ဆိတ်သား ပိဿာ ၁၀၀၊ ကြက်သား ပိဿာ ၂၅၀ (အကောင်လိုက် အမွေးနုတ်အူဖယ်ပြီး)၊ ဝက်သားပိဿာ ၁၅၀ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့တိုင်း လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း လျှော့ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

အလားတူ မန္တလေးမြို့တွင် လှည့်လည် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (မနောသုခ) အိတ်၂၀၊ စားအုန်းဆီ ပိဿာ၂၂၀၀၊ ဆား ၁ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ တစ်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားနှစ်ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သားနှစ်ထုပ်၊ ကြက်ဥအလုံး ၂၅၁၀၊ ဘဲဥအလုံး ၆၀၀ နှင့် ခေါက်ဆွဲခြောက် ၄၅ ထုပ်တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၉

မြန်မာနိုင်ငံတွင်မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၉ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၅ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၆ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆေးဝါး Paracetamol ဖာ ၂၀ (အလေးချိန် ၀ ဒသမ ၂၈၅ တန်) နှင့် မေ ၁၉ ရက်တွင် အိန္ဒိယနိုင်ငံသံရုံးက ထောက်ပံ့သည့် လိမ်းဆေးနှင့် အိမ်သုံးဆေးဝါး ၁၉ ဖာ (အလေးချိန် ၀ ဒသမ ၂၇၉ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ အိန္ဒိယနိုင်ငံက ထောက်ပံ့သည့် ဆေးနှင့် ဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ၁၉-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျေမီဗာဒီ လက်စတာစီးတီးအသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀၀ ပြည့်မြောက်

**လီဆက်စတာ မေ ၁၉**

လက်စတာစီးတီးအသင်း တိုက်စစ်မှူး ဂျေမီဗာဒီသည် အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လက်စတာစီးတီးအသင်းက အစ်ဆွစ်ချ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျေမီဗာဒီသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀၀ ကစားပြီး သွင်းဂိုး ၂၀၀ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြခဲ့သည်။

ထို့ပြင် အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျေမီဗာဒီသည် ယခုနှစ် ဘောလုံးရာသီ အကုန်တွင် လက်စတာစီးတီးအသင်းမှ ထွက်ခွာပြီး အသင်းသစ် ရှာဖွေသွားတော့မည်ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



## 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Carlos Alcaraz ဆွတ်ခူး



**တူရင် မေ ၁၉**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအားစပိန်တင်းနစ်ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါစပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner အား ၇-၆၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Carlos Alcaraz က "ကျွန်တော် အခုလို 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ် တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## စထရာဘိုးအသင်းမှ ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ပီထရိုဗစ် ဆွတ်ခူး

**ပါရီ မေ ၁၉**

စထရာဘိုးအသင်းမှ ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂိုးသမား ပီထရိုဗစ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဂိုးသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းမှ စထရာဘိုးအသင်းသို့ အငှားဖြင့်လာရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၁ပွဲကစားကာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စထရာဘိုးအသင်းသည် ယခုနှစ်နွေရာသီဈေးကွက်အတွင်းတွင် ဂိုးသမား ပီထရိုဗစ်အား အပြီးသတ်ခေါ်ယူနိုင်ရန်လည်း စီစဉ်လျက်ရှိသည်။

စထရာဘိုးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပွဲစဉ်အားလုံးယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၅၇မှတ်ဖြင့် အဆင့်(၇)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ **(အောက်ပုံ)** **(NGB)**




## ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း အက်ရှ်လေယန်း ပြောကြား

**လန်ဒန် မေ ၁၉**

အဲဗာတန်အသင်းမှ ထွက်ခွာတော့မည့် ဝါရင့်နောက်ခံကစားသမား အက်ရှ်လေယန်းက မိမိအနေဖြင့် ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အဲဗာတန်အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ၎င်းကို ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား အက်ရှ်လေယန်းသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းသွားခြင်း မရှိသေးဘဲ အဲဗာတန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ပွဲကစားပြီး နှစ်ဂိုးသွင်းယူထားသည်။



အသက်(၃၉)နှစ်အရွယ်ရှိ အက်ရှ်လေယန်းက "ကျွန်တော် ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးပါဘူး။ ကျွန်တော့်ကို ကမ်းလှမ်းထားတဲ့ ကလပ်တွေရှိပါတယ်။ ဘောလုံးလောကမှာ မှတ်တိုင်တွေစိုက်ထူသွားဦးမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)** **(NGB)**

## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၅-၂၀၂၅ နံနက် ၀၁:၃၀နာရီ | (၁၂) ပဲလေ့စ် - ဝုဗ်(၁၄) (ဝုဗ် ၂-၂ ပဲလေ့စ်) | ပဲလေ့စ် - ဝုဗ် | ပဲလေ့စ်(အိမ်) | ၁၈ | ၅ | ၇ | ၆ | ၂၀ | ၂၄ |
| | | ဝုဗ် ၂-၂ ပဲလေ့စ် | ဝုဗ်(ဧည့်) | ၁၈ | ၆ | ၃ | ၉ | ၂၅ | ၃၃ |
| ။ | (၄) မန်စီးတီး - ဘုန်းမောက်(၁၀) (ဘုန်းမောက် ၂-၂ မန်စီးတီး) | မန်စီးတီး ၆-၁ ဘုန်းမောက် | မန်စီးတီး(အိမ်) | ၁၈ | ၁၂ | ၃ | ၃ | ၄၀ | ၂၂ |
| | | ဘုန်းမောက် ၀-၁ မန်စီးတီး | ဘုန်းမောက်(ဧည့်) | ၁၈ | ၇ | ၇ | ၄ | ၃၄ | ၂၇ |

## ဘောလုံးသတင်း အတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်းသည် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသည့် ဆိုစီဒက်အသင်းကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိသည်

* စီရော်နယ်လ်ဒို၏ သားဖြစ်သူ ခရစ္စတီယာနိုရော်နယ်လ်ဒို ဂျူနီယာ ပါဝင်ကစားနေသည့် ပေါ်တူဂီ ယူ-၁၅အသင်းသည် Vlatko Markovi ယူ-၁၅ ဗိုလ်လုပွဲတွင် ခရိုအေးရှားအသင်းအား အနိုင်ယူပြီး ချန်ပီယံဖြစ်လာခဲ့သည်။

**(NGB)**

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ နယ်သာလန်အမှတ်ပေးပြိုင်ပွဲ ချန်ပီယံဆုအား ပီအက်စ်ဗွီအသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ နယ်သာလန်အမှတ်ပေးပြိုင်ပွဲ ချန်ပီယံဆုအား ပီအက်စ်ဗွီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဗွီအသင်းသည် ယခုနှစ်ဘောလုံးရာသီ နယ်သာလန်အမှတ်ပေးပြိုင်ပွဲအားလုံး ကစားပြီးချိန်တွင် ရမှတ် ၇၉ မှတ်ဖြင့် အဆင့်(၂)နေရာမှ အေဂျက်စ်အသင်းအား တစ်မှတ်အသာဖြင့် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဗွီအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အမှတ်ပေးချန်ပီယံဆုအား (၂၆)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဗွီအသင်းထုတ်ပြန်ချက်တွင် "အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)** **(NGB)**



## ဖာရန်တောရက်စ်အား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း ဆွေးနွေး

**လန်ဒန် မေ ၁၉**

အက်စတွန်ဗီလာအသင်းသည် ဘာစီလိုနာအသင်း တိုက်စစ်မှူး ဖာရန်တောရက်စ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၇ပွဲကစားပြီး ၄၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။



တိုက်စစ်မှူးဖာရန်တောရက်စ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြန်လည်လာရောက်ကစားလိုသောကြောင့် အက်စတွန်ဗီလာအသင်း၏ ဆွေးနွေးမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ ဖာရန်တောရက်စ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)** **(NGB)**

## အမျိုးသမီးအက်ဖ်အေဖလား ချန်ပီယံဆုအား ချဲလ်ဆီးအမျိုးသမီးအသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အမျိုးသမီးအက်ဖ်အေဖလား ချန်ပီယံဆုအား ချဲလ်ဆီးအမျိုးသမီးအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။




ချဲလ်ဆီးအမျိုးသမီးအသင်းသည် အမျိုးသမီးအက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအမျိုးသမီးအသင်းသည် အမျိုးသမီးအက်ဖ်အေဖလား ချန်ပီယံဆုကို (၆)ကြိမ်မြောက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအမျိုးသမီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စူပါလိဂ်ချန်ပီယံဆု၊ လိဂ်ဖလားချန်ပီယံဆုနှင့် ယခုအက်ဖ်အေဖလားချန်ပီယံဆုတို့ကို ဆွတ်ခူးခဲ့သည်။ **(ဝဲပုံ)**

**(NGB)**

## မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မေ ၁၉**

မန္တလေးတက္ကသိုလ်ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာ ဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က မန္တလေးတက္ကသိုလ်ရာပြည့် သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများအား ဆွေးနွေးတင်ပြပြီးနောက် မန္တလေးတက္ကသိုလ်နှစ် (၁၀၀) ပြည့်အခမ်းအနား ဦးဆောင်ကျင်းပရေးကော်မတီအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်း မြို့မိမြို့ဖများက ရာပြည့်သဘင်အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး ပိုင်းဝန်းဆွေးနွေးအကြံပြုကြရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

မန္တလေးတက္ကသိုလ်ကို ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်နေ့တွင် မန္တလေးမြို့တွင် မန္တလေးဥပစာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်မြောက်မည်ဖြစ်၍ မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၄)**





## သဘာဝဘေးအန္တရာယ် ငလျင်ဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူရှင်များက လှူဒါန်းလျက်ရှိ

**မန္တလေး မေ ၁၉**

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ် ငလျင်ဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များက လှူဒါန်းလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ရုံးခန်း၌ အလှူရှင် မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ကွန်ကရစ်ဆလတ်ပြင်ဖြိုစက်ပစ္စည်းတစ်စုံ တန်ဖိုးအားဖြင့် ငွေကျပ် သိန်း ၁၂၀ တိတိကို လာရောက်လှူဒါန်းရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် အတွင်းရေးမှူးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

## ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိ

**မန္တလေး မေ ၁၉**

၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယနေ့မှ စတင်ကာ ထုတ်ချေးပေးနေပြီ ဖြစ်သည်။

ထိုသို့ ချေးငွေထုတ်ပေးရာတွင် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်စေ့ ချေးငွေပြေကျေမှသာ (ယခင်ကြွေးကျန်ကင်းရှင်းမှသာ) ချေးငွေအသစ် ထုတ်ချေးခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အသိပေးကြေညာထားသည်။

၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေတွေကို ယခင်ချေးငွေအရင်း၊ အတိုး ပြေကျေစွာ ပေးဆပ်ပြီးသည့် တောင်သူများကိုသာ မိုးရာသီစိုက်ပျိုးချိန်အမီ မေ ၁၉ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိသည်။ **(အောက်ပုံ)**

ယခင်နှစ်အတိုင်း တစ်နှစ်ကို အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးနေပြီ ဖြစ်သည်။

သို့ဖြစ်၍ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်နိုင်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

ချေးငွေရယူလိုသည့် တောင်သူများအနေဖြင့် စပါးသီးနှံတစ်ဧကကို ငွေကျပ် တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံဖြစ်ပါက တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချေးယူနိုင်ပြီး ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၅ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၆)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



**ပုသိမ်ကြီး မေ ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ အနေဖြင့် ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးလျက်ရှိသလို ငလျင်ဘေးသင့် အကျိုးခံစားခွင့်ရှိသူများအား တစ်အိမ်ထောင်စုလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်း၊ ခြင်ထောင်၊ စောင်နှင့် မိုးကာများကို အိမ်ထောင်စု(၅၆၉)စုအတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ စနစ်တကျထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**(ဝဲပုံ)**

ယနေ့စတင်ပေးအပ်ရာတွင် ပုသိမ်ကြီး မြို့မရပ်ကွက်အုပ်စု၊ မဲကင်းကုန်းကျေးရွာအုပ်စု၊ ရေထွက် ကျေးရွာအုပ်စုနှင့် နန်းဦးလွင်ကျေးရွာအုပ်စုတို့ကို ပထမအသုတ်အနေဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်သန်းထံမှ သိရသည်။

**(ဝ၉၅)**




သစ်တော သစ်ပင် ချစ်ခင်တဲ့ လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး။


## (ဒုတိယ)အကြိမ် မေးခိုင်ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး မေ ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက (ဒုတိယ)အကြိမ် မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၌ သွားရောက်ထိုးနှံပေးကြသည်။

**(ယာပုံ)**



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ မဟာပရဟိတ လူမှုကယ်ဆယ်ရေးအသင်းရှိ အသင်းသူ၊ အသင်းသားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက (ဒုတိယ) အကြိမ်အဖြစ် မေးခိုင်ကာကွယ်ဆေးများကို သွားရောက် ထိုးနှံပေးခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၅၆)**

## မူလတန်းကြိုကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



**ရပ်စောက် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၌ ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း၊ ဘဏ္ဍာရေးမှူး ဒေါက်တာဝင်းပုလဲ၊ အဖွဲ့ဝင် ဒေါက်တာယုယုခင်နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ညိုမီစော၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပတို့က ကျောင်းဆောင်သစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီးနောက် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက အမှာစကားပြောကြားရာတွင် ရပ်စောက်မြို့နယ်အတွင်း မိခင်နှင့်ကလေးများ၏ ပညာရေးနှင့် လူမှုရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်တဲ့ ရပ်စောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အသင်းပိုင်မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရပ်စောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏ မ,တည်ထောက်ပံ့ငွေကျပ် သိန်း၂၀၀ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၅၈ ဒသမ ၈၈ သိန်း၊ ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ် ၂၅ သိန်း၊ ရွှေပုဇွန်ကုမ္ပဏီလီမိတက်မှ လှူဒါန်းငွေကျပ်သိန်း ၁၅၀ နှင့် စေတနာရှင်၊ အလှူရှင်များမှ လှူဒါန်းမှုတို့ဖြင့် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၆၉၈ သိန်း ကျော်ဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခနှင့် တာဝန်ရှိသူများက မူကြိုကလေးငယ်များအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး မူလတန်းကြိုကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၈)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ကျောင်းနေအရွယ်ကလေးအားလုံး "စဉ်ဆက်မပြတ် ပညာသင်ကြားဖို့ ကျောင်းအပ်နှံကြစို့" မြေစိုက်ပိုစတာ စိုက်ထူ

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာကို ယနေ့ နံနက်ပိုင်းက ၆၁ လမ်းနှင့် ၁၁၁ လမ်းထောင့်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအနီးနှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ရှေ့မျက်နှာစာများတွင် စုပေါင်းစိုက်ထူခဲ့ကြသည်။

အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တ ဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ထွန်းဇံဖြိုးနှင့် အဖွဲ့ဝင်များ၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်နှင့် ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ခေါင်းစဉ်ပါ မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ (KG) အတန်းမှ (Grade-12)အထိ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့**

## ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မြစ်သား မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်း၍ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းများ တစ်လျှောက် ကွင်းဆင်းစစ်ဆေးပြီး ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါဓာတ်အားလိုင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ အနီးကပ်ကြီးကြပ်မှုဖြင့် လိုင်းတာဝန်ခံနှင့် ဝန်ထမ်းများအဖွဲ့က ဖြစ်ပွားနိုင်သည့် လျှပ်စစ်အန္တရာယ်နှင့် ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းကျဆင်းရေး၊ ပြည်သူများ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်း ကျေးရွာများသို့ ဖြန့်ဖြူးပေးထားသော လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများကို စနစ်တကျ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကာ ယိုင်လဲနေသော ဓာတ်အားလိုင်းတိုင်များ ပြန်လည်တည့်မတ်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော ကြွေသီးများ အစားထိုးအသစ် လဲလှယ်ခြင်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသည်။

မြစ်သားမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်လုပ်ငန်းအနေဖြင့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်အတွင်း ဖြန့်ဖြူးပေးထားသော လျှပ်စစ်ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရန်အတွက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးပြီး သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ပုဂံဒေသထွက် ယွန်းထည်ပစ္စည်း အရောင်းအဝယ်ပါးသော်လည်း ယွန်းလုပ်ငန်းများ ပုံမှန်လုပ်ကိုင်လျက်ရှိ

**ညောင်ဦး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်မှု အရောင်းအဝယ်ပါးသော်လည်း ယွန်းလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေစေရန် ယွန်းလုပ်ငန်း လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့ ယွန်းလုပ်ငန်းရှင်များထံမှ သိရသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး အင်မတန်အနုစိတ်လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ကာ ယွန်းပစ္စည်းအမျိုးပေါင်းတစ်ရာကျော် ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များသည် ယွန်းလက်ဖက်အစ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံး ပြုလုပ်ကြကြောင်းသိရပြီး ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မြန်မာလူမျိုးများသည် ယွန်းထည်အမျိုးမျိုးသာ အသုံးပြုခဲ့ကြကြောင်း၊ ပလို့(ခေါ်) ငါးဆင့်ပလို့ ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင်ဘုရားပွဲ၊ တုရင်တောင်ဘုရားပွဲ၊ ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့ ရှင်ပင်စာကြိုလှဘုရားပွဲများတွင် ယွန်းပလို့(ငါးဆင့်)ပါသော ဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းတော်များ လောင်းလှူလျက်ရှိသည်။ ယွန်းလုပ်ငန်းသုံးပစ္စည်းများတွင် မပါမဖြစ် မြန်မာနိုင်ငံ အနှံ့အပြားမှ ထွက်ရှိသည့် မဲတင်း ခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကိုသုံး၍ ယွန်းထည်အမျိုးမျိုး ပြုလုပ်ကြသော်လည်း မဲတင်းခါးဝါးတစ်မျိုးတည်းကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲ အသုံးပြုကြသည်။ ယွန်းထည်ပြုလုပ်ရခြင်းအဆင့်ဆင့်တွင် အချောခံခြင်း၊ စဥ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိပ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွတ်တည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သားရိုးချောခြင်း၊ ဓားကောက်ခြစ်ခြင်း၊ နီးသတ်ခြင်း၊ ရက်ထည်တို့ကို အဆင့်ဆင့် ပြုလုပ်ရကြောင်း၊ ယွန်းထည်ပစ္စည်းများသုတ်ရန် သစ်စေးဆယ်ပိဿာပုံးတစ်ပုံးလျှင် ငွေကျပ် ရှစ်သိန်းပေးဝယ်ရသည်။


ယွန်းထည်လုပ်ငန်းလုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦး တစ်ရက်လျှင် ငွေကျပ်တစ်သောင်းနှင့် ယွန်းကျွမ်းကျင်လုပ်သားတစ်ဦးလျှင် ငွေကျပ် နှစ်သောင်း ရရှိကြကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီးသော်လည်း တစ်နှစ်ကျော်ကြာမှ ရောင်းချရကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီး မြေအောက်ခန်းအတွင်း အလုံပိတ်ထားကာ ယွန်းထည်များ မြေထပ်ပေးထားရကြောင်း ယွန်းလုပ်ငန်းရှင်များက ပြောသည်။

ယွန်းထည်ရောင်းချရမှုနည်းပါးသော်လည်း ယွန်းလုပ်သားများ၏ စားဝတ်နေရေး အဆင်ပြေစေရန် ယွန်းလုပ်ငန်းရှင်များက စဉ်ဆက်မပြတ် လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်



နေပြည်တော် မေ ၁၉

အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် International Medical Corps (IMC) အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား တက်ရောက်သည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ပေါင်း ၂၈ ဖွဲ့ လာရောက်ကူညီပေးခဲ့ပြီး International Medical Corps (IMC) အဖွဲ့လည်း အပါအဝင်ဖြစ်ပါကြောင်း၊ IMC ဆေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ၌ ဧပြီ ၁၉ ရက်မှ မေ ၁၈ ရက်အထိ တစ်လအကြာ ယာယီအရေးပေါ်ဆေးခန်းဖွင့်လှစ်ကာ ပြင်ပလူနာစုစုပေါင်း ၁၄၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်မှုများပေးခဲ့ပါကြောင်း၊ ထို့အပြင် ဆေးနှင့် ဆေးပစ္စည်းများ၊ ယာယီတဲများနှင့် အဆောက်အအုံသုံးပစ္စည်းများအား လှူဒါန်းသည့်အတွက် ကျေးဇူးများစွာ တင်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ IMC အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr.Syed Yasir Ahmed က IMC အဖွဲ့၏ ဆေးကုသမှုများဆောင်ရွက်ရာတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်ပေးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး၊ ခုတင် ၁၀၀၀မှ ဆေးရုံအုပ်နှင့် ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား IMC အဖွဲ့သို့ ဂုဏ်ပြု မှတ်တမ်းတင်လွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်များ၊ IMC ဆေးအဖွဲ့သားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## ONE Friday Fights 109 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမွှိနှင့် ထိုင်းလူငယ်ဖိုက်တာ ထိုးသတ်မည်

ရန်ကုန် မေ ၁၉

**ယခုတစ်ပတ်ကျင်းပမည့် ONE Friday Fights 109 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမွှိ တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မေ ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။**

အဲမွှိသည် ထိုင်းလူငယ်ဖိုက်တာ ဝပ်တီရိုင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး Co-Main Event အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အသက် ၂၃ နှစ်သာရှိသေးသည့် ဝပ်တီရိုင်သည် ONE နှင့် ယခုနှစ်မှ စတင်လက်တွဲထားပြီး တစ်ပွဲထိုးသတ်ရာ တစ်ပွဲအနိုင်ရထားသည်။ အဲမွှိသည် ONE နှင့် လေးပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး ယခုနှစ်အတွင်း ထိုးသတ်သည့် နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ အဲမွှိသည် နောက်ဆုံးထိုးသတ်သည့်ပွဲတွင် အမှတ်ဖြင့် အရေးနိမ့်ထားသည်။



ညီမြတ်သော်တာ

ဓာတ်ပုံ-ONE Championship

## အာရှဖလားခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လေ့ကျင့်

ရန်ကုန် မေ ၁၉

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲနှင့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မေ ၁၉ ရက်တွင် လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မတ်လ စတုတ္ထပတ်မှ မေလဆန်းအထိ ပထမအကြိမ်လေ့ကျင့်ပြီးနောက် ကစားသမားများ လေ့ကျင့်မှုမပြတ်စေရန် မေ ၁၉ ရက်မှစ၍ တစ်ပတ်လျှင် နှစ်ရက် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပထမအကြိမ်လေ့ကျင့်ရာတွင် ထိုင်းနိုင်ငံသို့ တစ်ပတ်ကြာ ခြေစမ်းခရီးစဉ်သွားရောက်ခဲ့ပြီး ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ပတ္တရားပီခွန်သည် ကစားသမား ၁၉ ဦး ရွေးချယ်ထားပြီး ဂိုးသမား - မိုင်စိုးမြတ်ထွေး (MIU)၊ ရဲထက်နိုင် (MH Dream Team)၊ ကျော်ဇင်မျိုးဦး (TG United)၊ ကစားသမား - မင်းခန့်၊ မင်းခန့်သူ၊ သက်ထွန်း၊ ခင်ဇော်လင်း၊ ထွန်းအောင်ကျော် (MIU FC)၊ မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ထွဋ်ဝေထွန်း၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော် (YRG FC)၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ ကျော်ကျော်စိုး (MH Dream Team)၊ ထွန်းမင်းလှိုင် (TG United)၊ သက်နောင် (VUC FC)၊ ဂျင်မီစိုး (YCDC Marga FC) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် စက်တင်ဘာတွင် ၂၀၂၆ အာရှဖလားခြေစစ်ပွဲ၊ ဒီဇင်ဘာတွင် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ရဲရင့်လွင်၊ ဓာတ်ပုံ-MFF



မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

❖ စာမျက်နှာ ၂၄ မှ

အုပ်စုပြိုင်ပွဲအဆင့်၊ နောက်ဆုံးအဆင့် ဖိုင်နယ်ပြိုင်ပွဲကြီးဟူ၍ အဆင့်သုံးဆင့်ခွဲကာ ယှဉ်ပြိုင်သွားရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယခင်ကျင်းပခဲ့သော MESL Pro series Season 2 မှ လေးသင်း၊ လူငယ် လက်သစ်များအတွက် ရည်ရွယ်သော Foundation Qualifier ပြိုင်ပွဲမှ နှစ်သင်းနှင့် လာမည့် NEC Open Qualifier မှလေးသင်း စုစုပေါင်း ၁၀သင်း ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကို MESL- Myanmar Esports League Facebook Page မှတစ်ဆင့် မေလဒုတိယပတ်မှစတင်၍ ကြေညာသွားမည်ဖြစ်သည်။

မေ ၁၆ ရက် Pan Pacific Hotel ၌ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော M Summit 2025 တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက အမှာစကား ပြောကြားပြီး အဖွဲ့ချုပ်မှ ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့် မိတ်ဖက်ကုမ္ပဏီများကို အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သည်။

ထို့ပြင် လူငယ်အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ အဖွဲ့ချုပ်သည် တက္ကသိုလ်အဆင့် Esports အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ်မှစတင်၍ ကျင်းပနေပြီး ယခုနှစ်တွင် တက္ကသိုလ်များကို Yangon Region ၊ Other Region နှင့် Private Universities ဟူ၍ ဒေသကြီးသုံးခုခွဲကာ Varsity League Division 1၊ Division 2 နှင့် University Esports Championship ဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်အဆင့် အီလက်ထရောနစ်အားကစားပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည် ဖြစ်သည်။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကို University Esports Network နှင့် Uni League by MESL Facebook Page တို့မှတစ်ဆင့် ကြေညာသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် Esports အားကစားအသင်းများက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဦးဆောင်မှုဖြင့် ၂၀၂၃ ခုနှစ် နိုင်ငံတကာ Esports အားကစားအဖွဲ့ချုပ် (IESF) မှ ကျင်းပသော World Esports Championship တွင် Dota 2 ပြိုင်ပွဲမှ ကမ္ဘာ့အဆင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသော SEA Games ပြိုင်ပွဲတွင် Mobile Legends: Bang Bang ပြိုင်ပွဲမှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံ၌ ကျင်းပသော Hangzhou 19th Asian Games တွင် Honor of Kings ပြိုင်ပွဲမှ အဆင့် (၅) ကိုလည်းကောင်း အောင်မြင်မှုအသီးသီးရယူထားပြီးဖြစ်ရာ လာမည့် (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင်လည်း ရလဒ်ကောင်းများရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ သတင်းစဉ်

## ကဝနှင့် အုတ်တွင်းမြို့နယ်တို့ရှိ သမဝါယမအသင်းများ စိုက်ပျိုးသည့် နွေစပါးများထွက်ရှိ

ပဲခူး မေ ၁၉

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် နိဗ္ဗာန်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်ဧက ၃၀၀ ပေါ်တွင် ထိုင်းနံ့ကောက်စပါးများ စိုက်ပျိုးထားရှိသည်။ အဆိုပါ စိုက်ဧက ၃၀၀ အနက်မှ စိုက်ဧက ၁၅၀ ရိတ်သိမ်းပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၄ တင်း ထွက်ရှိသည်။

အလားတူ အုတ်တွင်းမြို့နယ်တွင်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထိုင်းနံ့ကောက် နွေစပါးများ စိုက်ပျိုးထားရှိပြီး နွေစပါးများ ရိတ်သိမ်းရာ အင်ဒိုင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ စိုက်ဧက ၁၀၀ ရိတ်သိမ်းရာ တစ်ဧကလျှင်ပျမ်းမျှ အထွက်နှုန်း ၁၁၃ ဒသမ ၅ တင်း၊ ဆီဆုံကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၅၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၂တင်း၊ ငှက်ပျောတောစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၅၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၂ ဒသမ ၅ တင်း၊ တောင်ဝင်းကုန်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၃၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၅ ဒသမ ၅ တင်း၊ အရှေ့ကြို့ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ဧက ၃၀ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၁၆ တင်း ထွက်ရှိကြောင်း သိရသည်။ သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# "ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" လှုံ့ဆော်မြေစိုက်ပိုစတာ စိုက်ထူ



**ကျိုင်းတုံ မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် "ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" လှုံ့ဆော်မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၁၇ရက်က ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ)၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အ.ထ.က(၄)ကျောင်းရှေ့တို့တွင် ကျင်းပသည်။

ထို့သို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းဆမ်တစ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ဆရာ၊ ဆရာမများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် လှုံ့ဆော်မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ရုံးလုပ်ငန်းဘာသာရပ် စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**လွိုင်လင် မေ ၁၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားစေရန်၊ ကျွမ်းကျင်ဝန်ထမ်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်းကို ယမန်နေ့ နံနက် ၉နာရီက လွိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ဖွင့်လှစ်လျက်ရှိရာ ရှမ်းပြည်နယ်ရုံး ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက အမှာစကား ပြောကြားသည်။



ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံး ညွှန်ကြားရေးမှူးက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အရည်အသွေး၊ အရည်အချင်း ပြည့်ဝနေစေရန် စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားသင်ယူနေရမည်ဖြစ်ကြောင်း၊ မိမိဌာနအတွင်း သာမက အခြားဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများတွင် ထူးချွန်ထက်မြက်သည့် ဝန်ထမ်းများဖြစ်လာစေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်းတွင် ကြိုးစားသင်ယူလေ့လာကြရန်လိုကြောင်း မှာကြားသည်။

အဆိုပါသင်တန်းသို့ လွိုင်လင်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၅၀ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ ငါးဦးဖြင့် သင်တန်းကာလ သုံးရက်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*

# စာဖတ်ရိုးမြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် မေ ၁၉**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဝန်ထမ်းကောင်းများဖြစ်စေရန်ရည်ရွယ်၍ စာဖတ်ရိုးမြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို မေ ၁၈ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံသစ်တောသင်တန်းကျောင်းတွင် ကျင်းပရာ ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံသစ်တောသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးသန်းကြည်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာကိုရွှေအောင်သင်းက "အနာဂတ်နိုင်ငံလှပဖို့ ငါတို့ထုထောင်စို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောသင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသားများ စုစုပေါင်း ၁၅၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခဲပုံ)

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

*-*-*-*-*-*

ပတ်စရာ၊ မှတ်စရာ
နံလင်
ယနေ့မြန်မာ

## ဇွဲစိတ်နဲ့ယှဉ် အောင်မြင်စေချင်

* လောကမှာ အောင်မြင်ရေး
ကြိုးစားမနေး များသူငါ ။
အခက်အခဲတွေကို ရင်ဆိုင်နွှဲ
ဇွဲစိတ်ယှဉ်ကာ ။
အသိ သတိ ရင်မှာသာ
ပညာရယ် ဦးဆောင်လျက် ။
စိတ်သန္တာန်မှာ တန်ခိုးထွားလို့
နိုးကြားရှေ့ဆက် ။
စွမ်းဆောင်ရည် နှစ်ဆတက်
ဘဝအတွက် အမြဲရှင်သန် ။
စည်းကမ်းကို အခြေခံထား
ရိုးသားကျင့်ကြံ ။
ကြောက်ရွံ့ခြင်း ရှောင်ကြဉ်ပါ
ရည်မှန်းကာ အရောက်သွား ။
ပန်းတိုင်သည် လက်တစ်ကမ်း
တက်လှမ်းစို့လား ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

စာအုပ်၊ စာပေ လူ့မိတ်ဆွေ။



# စွန့်လွှတ်စွန့်စား မီးသတ်သမား ဖွဲ့စည်းဆောင်ရွက် ပြည်သူ့အတွက်

**(၁၉-၅-၂၀၂၅)ရက် စာမျက်နှာ (၆)မှအဆက်**

ထို့အတူ စဉ့်ကိုင်မြို့နယ်မီးသတ်အဖွဲ့က လမ်းကြိုလမ်းကြားများကို ဝင်ရောက်ငြိမ်းသတ်ခဲ့ပြန်သည်။ ပုသိမ်ကြီးမီးသတ်တပ်ဖွဲ့ဝင်များကလည်း ဆည်မြောင်းဦးစီးဌာနမှ ရေဂါလန် ၄၀၀၀ ဆံ့ ရေသယ်ယာဉ် နှစ်စီး၊ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီး၊ ဗျစ်စက်ရုံမှ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီးတို့သည် လမ်း ၈၀၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား မစိုးရိမ်ရပ်ရှင်ရုံအနီး ရေစင်မှ အခေါက်ခေါက်အခါခါ ဖြည့်တင်းပေးကြရသည်။

မင်းတဲအီကင်း မီးသတ်တပ်ဖွဲ့ဝင်များက ၂၂လမ်း၊ ပုလင်းဝင်းထိပ်တွင် ဝင်ရောက်နေရာယူ ငြိမ်းသတ်ပေးခဲ့ကြသည်။

လမ်း ၂၀ နှင့် ၈၃လမ်းတွင် ဗဟို၊ တမာကုန်း၊ အမရဋ္ဌာနီ၊ ပြင်ဦးလွင်၊ နမခ၊ ကျောက်ဆည်၊ စစ်ကိုင်းမီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ညောင်ပင်ဈေးအထိ ပူးပေါင်းငြိမ်းသတ်ဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၁ ခုနှစ်၊ မေ ၁၀ရက် ည ၇နာရီ ၃၅မိနစ်တွင် စတင်လောင်သောမီးသည် ည ၁၂ကျော်မှ မီးညွှတ်ကျိုးခဲ့ရသည်။

အဆိုပါ ဆိုင်းတန်းမီးတွင် ပါဝင်ငြိမ်းသတ်ခဲ့သော မီးသတ်ယာဉ်များနှင့် မီးသတ်စခန်းများကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

| | |
|---|---|
| ၁။ ဗဟိုမီးသတ်မှ မီးသတ်ယာဉ် | (၄)စီး |
| ၂။ တိုင်းမီးသတ်ဦးစီးရုံးမှ မီးသတ်ယာဉ် | (၁)စီး |
| ၃။ မင်္ဂလာဈေး မီးသတ်ရုံးမှ မီးသတ်ယာဉ် | (၁)စီး |
| ၄။ နန်းရှေ့မီးသတ်ရုံးမှ မီးသတ်ယာဉ် | (၁)စီး |
| ၅။ အမရဋ္ဌာနီအရန်မီးသတ်မှ | (၁)စီး |
| ၆။ ပုလဲငွေရောင် အရန်မီးသတ်မှ | (၂)စီး |
| ၇။ မင်းတဲအီကင်းအရန်မီးသတ်မှ | (၁)စီး |
| ၈။ ကျောက်ဆစ်တန်းအရန်မီးသတ်မှ | (၂)စီး |
| ၉။ ဂေါဝိန်အရန်မီးသတ်မှ | (၂)စီး |
| ၁၀။ အမရပူရ၊ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ မလှိုင်၊ နမခ၊ ဆည်မြောင်းဦးစီးဌာန တို့မှ ရေသယ်ယာဉ် | (၃)စီး |
| ၁၁။ မန္တလေးဗျစ်စက်ရုံမှ ရေသယ်ယာဉ် | (၁)စီး |
| ၁၂။ စည်ပင်သာယာမှရေသယ်ယာဉ် | (၁)စီး |

စုစုပေါင်း အစီး၂၀နှင့် အုပ်ချုပ်မှုယာဉ်များ အပါအဝင် ၃၆ စီး သာရှိခဲ့သည်။

မန္တလေးမီးကြီးများအပြီးတွင် မန္တလေးမြို့တွင် လူနေမှု အဆောက်အအုံများ ပြောင်းလဲလာကြပြီး ကပ်မိုး၊ ထရံကာ နေအိမ်များမှ သွပ်မိုးတိုက်တာ အဆောက်အအုံများ သံကူကွန်ကရစ်အဆောက်အအုံများဖြင့် အစားထိုးလာခဲ့ကြသဖြင့် မီးလောင်မှုအကြိမ်ရေလျော့ကျလာပြီး နိုင်ငံတော်မှ ပံ့ပိုးပေးမှုများ၊ အများပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများလည်း တိုးပွားလာခဲ့သဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ၁၉၈၄ ခုနှစ်က ဂျပန်နိုင်ငံထုတ် SUZUKI မီးငြိမ်းသတ်ယာဉ် ၅၄ စီး၊ ၁၉၉၁ ခုနှစ်တွင် ပိုလန်နိုင်ငံထုတ် STAR မီးငြိမ်းသတ်ယာဉ် အစီး ၅၀ ၊ ၁၉၉၄ ခုနှစ်တွင် တရုတ်နိုင်ငံထုတ် FAW မီးငြိမ်းသတ်ယာဉ် အစီး ၅၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် တရုတ်နိုင်ငံထုတ် Dong Feng မီးငြိမ်းသတ်ယာဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်းပေးခဲ့ရာ မန္တလေးမြို့တွင် မီးငြိမ်းသတ်ယာဉ်ပေါင်း ၁၇၀ အထိ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းနှင့် မန္တလေးသန္တေ+ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသမျှ မီးလောင်မှုဖြစ်စဉ်များတွင် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနှင့် အချိန်တိုအတွင်းတွင် ငြိမ်းသတ်နိုင်ခဲ့သည်မှာ မီးသတ်တပ်ဖွဲ့ဝင်များ၏ လေးစားဖွယ်ရာ စွမ်းဆောင်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်ကြီး(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေးတာဝန်များကို ကိုယ်ကျိုးမဖက် အများအတွက် ပရဟိတစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးနေကြသလို သဘာဝဘေးအန္တရာယ်များဖြစ်သော ရေဘေးကူညီရေးလုပ်ငန်းများ၊ လေမုန်တိုင်းကယ်ဆယ်ကူညီရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးနေရသော နိုင်ငံတော်၏အားအထားရဆုံး အဖွဲ့အစည်းလည်း ဖြစ်ပေသည်။

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားအလွန်ပြင်းထန်သော မန္တလေးမြေငလျင်ကြီးလှုပ်ခတ်ခဲ့သဖြင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့၊ နေပြည်တော်၊ ကျောက်ဆည်၊ တံတားဦး အစရှိသော မြို့အသီးသီးမှ တန်ခိုးကြီးဘုရားအဆူဆူနှင့် သာသနိက အဆောက်အအုံများ၊ အဆင်မြင့်ကွန်ဒိုတိုက်ခန်းများ၊ အထပ်မြင့်ဟိုတယ်များ၊ ဈေးများ အပါအဝင် များစွာပြိုကျပျက်စီးခဲ့ရာ ရဟန်းရှင်လူ၊ ပြည်သူများစွာ အသက်ဆုံးရှုံးခဲ့ရပြီး အဆောက်အအုံများအတွင်း ပိတ်မိသူများလည်းရှိခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဗဟိုမီးသတ်သင်တန်းကျောင်းအုပ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးတို့၏ ဦးဆောင်မှုဖြင့် မန္တလေးသန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နေ့ရောညပါရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံရပ်ခြားမှ လာရောက်ကူညီကြသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ မနားမနေကယ်ဆယ်ဆောင်ရွက်ပေးခဲ့ကြသော၊ လေးစားဂုဏ်ယူထိုက်သော အာဂအဖွဲ့အစည်းပင် ဖြစ်ပါသည်။

အထက်ပါ မန္တလေးမြေငလျင်ကြီး၏ ဖြစ်စဉ်ကြောင့်ပင် မူလကရည်မှန်းထားခဲ့သော (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ဆောင်ရွက်ခြင်းမပြုတော့ဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် အောင်မြေသာစံမြို့နယ် စန္ဒာမုနိဘုရားနှင့် အမရပူရမြို့နယ် ရွှေဂူကြီးဘုရားများကို သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုရားစေတီများ ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေများပေးလှူခြင်း၊ ပြည်လုံးချမ်းသာပရဟိတဘုန်းတော်ကြီးကျောင်းကို ဆွမ်းဆက်ကပ်ခြင်း၊ ထမင်းအာဟာရကျွေးမွေးခြင်း၊ ထိခိုက်ဒဏ်ရာရသူများကို ကူညီနိုင်ရန်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် သွေးလှူဒါန်းခြင်း၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းတွင် ထမင်းအာဟာရကျွေးမွေးခြင်း အစရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ လွန်စွာ မွန်မြတ်သော စိတ်ထားများပင်ဖြစ်၍ သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် သမိုင်းကြောင်းရှည်လျားစွာဖြင့် ပုဂံခေတ်မှစ၍ ယနေ့အချိန်ကာလအထိ ခေတ်အဆက်ဆက်တွင် အခက်အခဲပေါင်းစုံကို ကြိုးစားကျော်ဖြတ်၍ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကယ်တင်ကူညီဆောင်ရွက်ပေးနေကြသော ရဲဝံ့စွန့်စား မီးသတ်သမားများ၏ ၂၀၂၅ခု နှစ်၊ မေ ၅ ရက်တွင် ကျရောက်ခဲ့သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

မောင်ရန်ရှင်း(ရန်ကင်းတောင်)



## အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား ယမန်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာန မှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်း၍ မိတ္ထီလာမြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးကြရာ မြို့နယ်အတွင်းရှိ ရွှေပြည့်အိမ်၊ ပန်သစ္စာ၊ မြရတနာ၊ ဝင်းသီတာ၊ ဦးစိုးသိန်းနှင့် သားများ၊ သီရိရွှေရည်၊ ကိုဘီရှဲ၊ ရတနာမိုး၊ ငွေး၊ မြမိသားစု၊ ပစ်တိုင်းထောင်၊ တက်နေဝင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များနှင့် လက်ရှိရောင်းဝယ်လျက်ရှိသော ဘိလပ်မြေများ၏ ဝယ်ယူသည့် ဈေးနှုန်း၊ ရောင်းချသည့်ဈေးနှုန်းနှင့် လက်ကျန်အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၆၉)

## တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

**နတ်မောက် မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးရေးစရိတ်ငွေများ ထုတ်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးရေးစရိတ်ချေးငွေများကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ မိုးရာသီစိုက်ပျိုးစရိတ်ငွေထုတ်ချေးပေးရာတွင် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မိုးမိုးသိန်းက တောင်သူများအား ယခုနှစ် မိုးစပါး၊ နှမ်းနှင့် အခြားသီးနှံများ စိုက်ပျိုးစရိတ်ထုတ်ချေးပေးမည့် အစီအစဉ်အစဉ်များနှင့် ချေးငွေများ ပြန်လည်ပေးသွင်းသည့်ကာလတွင် ကြွေးကျန်မရှိစေရေး ပေးဆပ်နိုင်ရန် တက်ရောက်လာကြသည့် တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်မောက်မြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား မိုးစပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှင့် အခြားသီးနှံတစ်ဧကလျှင် တစ်သိန်းနှုန်းကို စိုက်ပျိုးချိန်အမီ မေ ၁၉ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိပြီး နတ်မောက်မြို့ မြို့မရပ်ကွက်ရှိ ဘဏ်အဖွဲ့ဝင် တောင်သူ ၄၅ ဦးသို့ စပါး ၄၂ ဧကနှင့် နှမ်း ၁၄၃ ဧကအတွက် ချေးငွေပမာဏငွေကျပ် ၂၀၆ ဒသမ ၀၀ သိန်း ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိနေသည့် ကျေးရွာအုပ်စုများကိုလည်း ထုတ်ချေးရေးကာလအတွင်း ချေးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မိုးမိုးသိန်းက ပြောသည်။

(အောက်ပုံ)

လှဝင်း



# စိုက်ပျိုးရေးကဏ္ဍ

## ၂၀၂၅ ခုနှစ် မိုးရာသီ(အကြို)သစ်ပင်စိုက်ပွဲ ကျင်းပ



**စေတုတ္တရာ မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် မုန်းတမံ(၄)မိုင်လမ်းခွဲမှ ၁ မိုင်ဖြတ်လုံ ကားလမ်းဘေးတွင် ယမန်နေ့နံနက် ၈ နာရီက မိုးရာသီ(အကြို) သစ်ပင်စိုက်ပွဲ ကျင်းပသည်။

အဆိုပါ မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို သစ်တောဦးစီးဌာနမှ ဦးဆောင်ကျင်းပခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ သည်။

အခမ်းအနားကို သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစွမ်းထက်ကို ဦးဆောင်၍ ဝန်ထမ်းများက ပျိုးပင်များ ဖြန့်ဝေပေးခဲ့ပြီး လူအင်အား ၅၀ကျော်က သစ်ပင်များအား စိုက်ပျိုးပေးကြသည်။ စိုက်ပျိုးသော ပျိုးပင်များမှာ ကျွန်း ၂၀၀ ပင်၊ ပျဉ်းကတိုး ၁၀၀ ပင်၊ စုစုပေါင်း ပျိုးပင်ပေါင်း ၃၀၀ ပင် စိုက်ပျိုးခဲ့ပြီး ဗာဒံ ၅၅ပင်၊ စစ် ၁၀၀ပင်၊ ပိတောက် ၁၀၀ ပင်၊ မဲဇလီ ၁၀၀ ပင်၊ စုစုပေါင်း ပျိုးပင်ပေါင်း ၆၀၀ ပင်အား ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စံပြကွက်ဧက ၁၀၀ အတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်းစိုက်ပျိုးတောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် စံပြကွက်ဧက ၁၀၀ အတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၁၆ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ နွေနှမ်းစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များ၊ မြေသြဇာနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲရမည့်နည်းလမ်းများ၊ ပိုးမွှားရောဂါ မကျရောက်စေရေး ကြိုတင် ကာကွယ်နှိမ်နင်းရမည့်နည်းလမ်းများ၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲရေးဆိုင်ရာ လုပ်ငန်းများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ၊ မျိုး၊ ပိုး)တာဝန်ခံဝန်ထမ်းများက နွေနှမ်းအထွက်နှုန်းတိုးတက်စေရေး မျိုး၊ မြေ၊ ရေ မှန်ကန်စွာ လုပ်ဆောင်ရမည့်နည်းစနစ်များ၊ နှမ်းစိုက်ခင်းများတွင် ရေကြီးနစ်မြုပ်မှု အန္တရာယ်ကင်းဝေးစေရန် ရေသွင်း၊ ရေထုတ်မြောင်းများနှင့် ပတ်မြောင်းများ၊ စိမ့်မြောင်းများ၊ ဖြတ်မြောင်းများကို စနစ်တကျ ပြုလုပ်ထားရှိရေး၊ မြေသြဇာနှင့် သွင်းအားစုများ အချိုးကျသုံးစွဲရေး၊ နှမ်းပင်များ ပန်းပွင့်ချိန်နှင့် အစေ့အဆန်ပြည့်ချိန်တွင် သီးနှံအောင်ရေ အလုံအလောက် ရရှိရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက နွေနှမ်းစိုက်ပျိုးရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပြီး တောင်သူ ၂၅ ဦး၏ နွေနှမ်းစံပြကွက်ဧက ၁၀၀ အတွက် ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၅၀ ကီလို အလုံး ၅၀ကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၄၅)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



## မိုးစပါးစိုက်တောင်သူများအား မိုးစပါးမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မိုင်းယန်း မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် မိုးစပါးစိုက် ဒေသခံတောင်သူလယ်သမားများအား မိုးစပါးပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေရန်အတွက် မိုးစပါးမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မိုင်းယန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းဦးကျော်က မိုင်းယန်းမြို့နယ်အတွင်း မိုးစပါးစိုက်တောင်သူများအတွက် မိုးစပါးမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အောင်နိုင်တိုး(YSR-1) မျိုးစိုက်ဧက ငါးဧက၊ DU-16 မျိုး စိုက်ဧက ၁၅ ဧက၊ မော်ဘီကောက်ညှင်းမွှေးစိုက်ဧက နှစ်ဧက၊ စုစုပေါင်း မိုးစပါးစိုက်ဧက ၂၂ ဧကအတွက် မျိုးစပါး မျိုးကောင်းမျိုးသန့်(R-S Reseter Seeds) တို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ရာ မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာမှ စပါးစိုက်တောင်သူဦးအိုက်သန်း(ပါ) တောင်သူ ၁၂ ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## သမဝါယမအသင်းသား တောင်သူများသို့ စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ မိုးစပါးစိုက်ပျိုးထုတ်ရာတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်၊ ပြုတွင်းကျေးရွာရှိ ဓမ္မာရုံ၌ သမဝါယမအသင်းလေးသင်းရှိ အသင်းသားတောင်သူ ၃၁ ဦး၊ ဌာနဝန်ထမ်း ၁၅ ဦးနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြောက်လွတ်ကုန်းကျေးရွာရှိ ဓမ္မာရုံ၌ သမဝါယမအသင်းသုံးသင်း၊ အသင်းသားတောင်သူ ၄၀ ဦးနှင့်လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့် တက်ရောက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံစေရေးတို့အတွက် စိုက်ပျိုးသောသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရန် "မျိုး၊ မြေ၊ ရေ၊ နည်း" မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တောင်သူအသိပညာပေးပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရန် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် လိုအပ်ကြောင်း၊ သွင်းအားစုများကိုလည်း စနစ်တကျ အသုံးပြုရန် လိုအပ်ကြောင်း၊ ကြဲပက်စနစ်ထက် Seeder ၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးပါက ပို၍ကောင်းမွန်ကြောင်း၊ သမဝါယမဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးအသင်းသား တောင်သူများ၏ လယ်ယာမြေများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ Seeder များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်ချက်များအား တင်ပြပေးကြပါရန်နှင့် ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်ဦးစီးဌာနအနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး အနီးကပ် ပေါင်းစပ်ဆောင်ရွက်စေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးနည်းပညာများကို ဆွေးနွေးပေးခြင်း၊ "Al Application" နည်းပညာ Software ကို တက်ရောက်လာသည့် အသင်းသားတောင်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်းနှင့် အသုံးပြုပုံများအား ရှင်းလင်းပြောကြားဆောင်ရွက်ပေးခဲ့ပြီး သမဝါယမအသင်းသား တောင်သူများကလည်း ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ သိလိုသည်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် ငကောင်းကံကျေးရွာ၊ ငကောင်းကံ(စိုက်/ထွေ) သမဝါယမအသင်းသား ဦးကျော်လွင်၏ အောင်နိုင်တိုးစပါးမျိုး စိုက်ဧက ၁၀ဧက နွေစပါးစိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀







## ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့်သင်တန်းများဖွင့်လှစ်

**မင်းဘူး မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ဒေသတွင်း အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာ သင်တန်းနှင့် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်း ပညာ သင်တန်းများကို ယမန်နေ့ နံနက်ပိုင်းက ပိုက်သင်စံပြကျေးရွာ၊ ကမ်းနီကျေးရွာနှင့် နန်းဦး ကျေးရွာတို့တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသားများထံ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကြသည်။

မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စီမံကိန်းလုပ်ငန်းများမှာ ပိုက်သင်စံပြကျေးရွာနှင့် နန်းဦးကျေးရွာတို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ ကမ်းနီကျေးရွာ၌ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းတစ်ခုတွင် သင်တန်းသား ၁၅ ဦးနှုန်းဖြင့် သင်တန်းကာလမှာ စက်ချုပ်နည်းပညာ သင်တန်းတွင် အခြေခံနှင့် မွမ်းမံ သင်တန်းအဖြစ် ရက်ပေါင်း ၄၅ ရက်၊ စားသောက်ကုန်သင်တန်းတွင် အခြေခံနှင့် မွမ်းမံသင်တန်းအဖြစ် ရက်ပေါင်း ၁၄ရက် သတ်မှတ်ပြီး လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့၊ လက်တွေ့ဖြင့် စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် မင်းဘူး(စကု)မြို့ နယ်အတွင်းရှိ ကျေးရွာငါးရွာအား စိစစ်ရွေးချယ်ခဲ့ပြီး ယခုဖွင့်လှစ်ပေးခဲ့သည့် သင်တန်း သုံးခုအပါအဝင် စီမံကိန်းလုပ်ငန်း ငါးခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား လုပ်ငန်းရှင်ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး စုစုပေါင်းလုပ်ငန်းရှင် ၂၅ ဦး ပေါ်ထွက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရွေးချယ်ထားသူများမှ ကုန်ကြမ်းဖိုး ငွေကျပ် နှစ်သိန်းထည့်ဝင်စေပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ဌာနမှ တစ်ဦးလျှင် ငွေ ကျပ် ၁၈သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ရာသက်ပန် သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၀)

## “ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့ ”မြေစိုက်ပိုစတာ စိုက်ထူ

**မိုင်းပျဉ်း မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ‘ကျောင်းနေအရွယ်ကလေးများ အားလုံးစဉ်ဆက်မပြတ် ပညာ သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့’ မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေ ၁၈ရက် နံနက် ၇နာရီက အ.ထ.က ကျောင်းရှေ့ မြို့မဈေးအရှေ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တို့၌ စိုက်ထူခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းဟွမ်နွမ်းနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာအား စိုက်ထူကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

မိုင်းပျဉ်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ (KG) အတန်းမှ (Grade-12) အထိ ကျောင်းအပ်လက်ခံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*–*–*–*–*–*



## ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ



**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူခြင်းကို မေ ၁၅ရက် နံနက်ပိုင်းက ၈၁လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ အတွင်းရေးမှူး ရဲမှူးလှမိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာငွေနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာအား စိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၉၃)

## အလယ်တန်း၊ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းဖွင့်လှစ်ပို့ချ

**ဆင်ပေါင်ဝဲ မေ ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်အဆင့် အခြေခံပညာအလယ်တန်းနှင့် မူလတန်း အဆင့် ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းကို မေ ၁၈ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဆင်ပေါင်ဝဲမြို့နယ် ပညာရေးမှူး ဦးကြည်လင်းက ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ဆရာ၊ ဆရာမများအား ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချသင်ကြားရခြင်းဖြစ်၍ တက်ရောက်လာသည့် ဆရာ၊ ဆရာမများ ကိုယ်တိုင်ကလည်း သင်ကြားသင်ယူမှုအပိုင်းတွင် အရည်အသွေးပြည့်ဝစေရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ဆရာ၊ ဆရာမ ၂၄၆ ဦးတို့အား နည်းပြ ၁၆ ဦးကလည်းကောင်း၊ မူလတန်းအဆင့် ဆရာ၊ ဆရာမ ၄၄၈ ဦးတို့အား နည်းပြ ၃၀ ဦးကလည်းကောင်း မေ ၁၈ရက်မှ ၂၀ရက် အထိ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။ (အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေး အသိပညာပေးဟောပြော

**ညောင်ရွှေ မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် မန္တလေးငလျင်ကြီးဒဏ်သင့် ကျေးရွာများရှိ အသက်နှစ်နှစ်နှင့်အထက် ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး တိုက်ကျွေးခြင်းကို မေ ၁၆ရက် နံနက်ပိုင်းက ကြေးစားကုန်း ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအသိပညာပေးဟောပြောပြီး ဒေသခံပြည်သူ ၇၇၁ဦးအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးကို ဒုတိယအကြိမ် အဖြစ်တိုက်ကျွေးခဲ့သည်။ အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး တိုက်ကျွေးခြင်း(Pre-emptive OCV Campaign For Mandalay Earthquake Affected Area)ကို ဧပြီ ၂၉ရက်မှ စတင်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ အင်းလေးဒေသရှိ မန္တလေး ငလျင်ကြီးဒဏ်သင့် ကျေးရွာများမှ ပြည်သူ ၂၁၅၉၇ ဦးအား ဆေးတိုက်ကျွေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*–*–*–*–*–*

❖ **ဆရာတစ်ယောက်၏ အပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင် ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့်အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



နိုင်ငံပေါင်း ၁၄၀ ပါဝင်ယှဉ်ပြိုင်သော World Esports Championship 2023 တွင် ငွေတံဆိပ်ဆုရယူခဲ့သည့် မြန်မာ့လက်ရွေးစင် Dota 2 အသင်း။

## မြန်မာ့အကောင်းဆုံးလက်ရွေးစင်များကို ရွေးချယ်စေလွှတ်မည့် National Esports Championship ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၉

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ဆီးဂိမ်းအတွက် နိုင်ငံ့လက်ရွေးစင်ရွေးချယ်ပွဲကြီး National Esports Championship: Road to SEA Game 2025 ကို မေလတတိယပတ်မှစ၍ စတင်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကာလမှာ မေလတတိယပတ်မှ ဇူလိုင်လ တတိယပတ်အထိ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် လက်ရည်စစ်ပွဲအတွက် မေလတတိယပတ်မှ စတင်စာရင်းပေးသွင်းနိုင်မည် ဖြစ်သည်။

National Esports Championship ပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးသော Esports အားကစားပြိုင်ပွဲဖြစ်ပြီး လက်ရည်စစ်ပွဲအဆင့်၊

စာမျက်နှာ ၁၄ သို့ ❖

## ရတနာပုံ(ယူ-၂၁)အသင်းကို အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲဖြင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ရပ်တည်နေသည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်း



**ရန်ကုန် မေ ၁၉**

ရန်ကုန်ယူနိုက်တက် လူငယ်အသင်းသည် MNL (U-21) Youth League ပွဲစဉ်(၄)အဖြစ် ရတနာပုံ လူငယ်အသင်းနှင့် တောင်ဒဂုံမြို့နယ်ဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးကို ထူးဝဏ္ဏက ပွဲချိန် ၆ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ရန်နိုင်ဖြိုးက သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဦးဆောင်ဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ် လိုအပ်ချက်များရှိခဲ့သည်။ ထို့နောက် ရန်ကုန်ယူနိုက်တက်အသင်းမှ လူစားလဲမှုများပြုလုပ်ခဲ့ပြီး ပွဲချိန် ၆၅ မိနစ်တွင် လူစားဝင်ကစားသမား မင်းသန့်ဇိုက ဧရိယာအစပ်မှ လှလှပပကန်သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် လက်ရှိတွင် ၄ ပွဲကစား၊ ၄ ပွဲနိုင်၊ ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ရပ်တည်နေပြီး လာမည့် မေ ၂၆ ရက်တွင် သစ္စာအားမာန် (ယူ-၂၁)အသင်းနှင့် YUSC Stadium တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

(NGB)

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။